# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် တနင်္ဂနွေနေ့။ Sunday, 8 March 2026 ၁၂၁၁၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုစက်ခန်းများအား လိုက်လံကြည့်ရှုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ကင်ဆာရောဂါဆိုင်ရာ ဆေးကုသမှုအရည်အသွေး ပိုမိုမြင့်မားလာစေရန်အတွက် စံညွှန်းကုထုံးများနှင့်အညီ ဆောင်ရွက်

နေပြည်တော် မတ် ၇

၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ကြေးမုံ

# မျှော်မှန်းထားသည့်ရည်မှန်းချက်များ ပခုံးပြောင်းတာဝန်ယူထမ်းဆောင်

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၆)အစည်းအဝေးကို မတ် ၆ ရက်က နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ခေတ်ကာလအလိုက် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူပြီး လက်တွေ့ကျကျပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ လိုအပ်နေသည့် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မီစေရန်နှင့် နောင်တာဝန်ယူကြမည့် အစိုးရထံ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း ထင်သာမြင်သာရှိသည့် တိုးတက်မှုများရရှိအောင် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့ပြအင်္ဂါရပ်များနှင့်ညီညွတ်စေရေး၊ စွန့်ပစ်အမှိုက်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးစသည့်နယ်ပယ်များတွင် သိသာစွာပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ စီးပွားရေးကဏ္ဍတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းများစတင်ချိန်မှ ဈေးကွက်သို့ရောက်ရှိသည့်အချိန်အထိ လိုအပ်သည့် နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများကို ဖြည့်ဆည်းပေးခဲ့သည်။ အခက်အခဲများကြားမှ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးကို ဆောင်ရွက်ပေးခဲ့သည်။

လူတိုင်းပညာသင်ကြားခွင့်ရရှိရေး၊ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်သူများ အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ လူငယ်များ၏ဘဝ မြှင့်တင်နိုင်ရေးနှင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လူငယ်များ အကျိုးရှိစွာပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ လက်ရှိကာလတွင် EV ကားများအသုံးပြုနေကြပြီဖြစ်သကဲ့သို့ လျှပ်စစ်စွမ်းအင်သုံး ရထားစက်ခေါင်းများ ပြေးဆွဲပေးနိုင်ပြီဖြစ်သည်။ နိုင်ငံတော်ကို တာဝန်ယူခဲ့သည့်ကာလအတွင်း နိုင်ငံအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုလားတောင့်တချက်များကို ပြည်တွင်း၌ရှိသည့် အင်အားများဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးခဲ့သည်။

ဆီထွက်သီးနှံနှင့်ပတ်သက်၍ နိုင်ငံအတွင်း စားသုံးဆီဖူလုံစေရန် နိုင်ငံကိုစတင်တာဝန်ယူသည့်အချိန်မှစ၍ တွန်းအားပေးဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအချိန်အထိ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုရှိရန်နှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိရေး၌ လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ဖြတ်ကျော်ခဲ့ရသည့် သမိုင်းကြောင်းအရ အတန်းပညာရေး၊ အတတ်ပညာသင်ကြားရေး၌ အားနည်းချက်များရှိနေဆဲဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အတတ်ပညာရှင်များ လိုအပ်နေဆဲဖြစ်သည်။ ထုတ်လုပ်မှုနှင့်သုံးစွဲမှုမမျှတခြင်း၊ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် အဆိုပါအချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို အခက်အခဲအမျိုးမျိုးကြားမှ တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ ပြည့်မီရန်လိုအပ်သည့်ကိစ္စရပ်များကိုလည်း ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုကို ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးအတွက် ခိုင်မာသည့်ဖွဲ့ လုံ့လ၊ ဝီရိယများနှင့် စည်းလုံးညီညွတ်စွာ ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ "စည်းလုံးခြင်းသည်အင်အား၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုစကားနှင့်အညီ တိုင်းပြည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြောင်းလဲလာသည့် ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် စီးပွားရေးလမ်းကြောင်းပေါ်တွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။ အတည်ပြုခဲ့ပြီး ဥပဒေပြဋ္ဌာန်းတော့မည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းပါလုပ်ငန်းများကို လွှတ်တော်များ၏ သဘောတူညီချက်များနှင့်အညီ ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ကြတော့မည်ဖြစ်သည့်အတွက် ပြည်သူအားလုံးလိုလားတောင့်တပြီး မျှော်မှန်းထားသည့် ရည်မှန်းချက်များ အောင်မြင်စေရေး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူမည့် အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ၇ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြောင်းလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့်လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ ပြောင်းတင်ပို့နိုင်ရေးရည်ရွယ်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမည့် **"မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့"** ကို ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်အား (၃-၃-၂၀၂၆) ရက်နေ့ မှစတင်၍ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| **ဆက်သွယ်ရမည့်ပုဂ္ဂိုလ်** | **ဖုန်းနံပါတ်များ** |
|---|---|
| (က) ဒေါ်နီလာစိုး၊ လက်ထောက်အတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) | ၀၉ ၅၀၇၀၇၉၂၊ ၀၆၇ ၃၄၀၈၂၄၇ |
| (ခ) ဒေါ်ချိုသက်မူ၊ ညွှန်ကြားရေးမှူး (ကုန်သွယ်ရေးဦးစီးဌာန) | ၀၉ ၅၀၇၀၇၀၈၊ ၀၆၇ ၃၄၀၈၃၁၉ |

**မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတကာမှကင်ဆာပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအခမ်းအနားကို ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်အောင်စန်း၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန (National Cancer Center – NCC) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက် လာကြသူများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန ငါးထပ်ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ်၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရှစ်ထပ်ကုသဆောင်သစ်သို့ ရောက်ရှိကြပြီး ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ကုသဆောင်အတွင်းရှိ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှု စက်ခန်းများကို လိုက်လံကြည့်ရှုပြီး ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် စက်ခန်းအလိုက် ကုသရေးပါရဂူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကင်ဆာရောဂါကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

ထို့နောက် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ရှစ်ထပ်ကုသဆောင် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့တွင် နိုင်ငံတော်ရန်ပုံငွေနှင့်တည်ဆောက်ခဲ့သည့် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနကို ဖွင့်လှစ်နိုင်ပြီဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ကျန်းမာရေး ကဏ္ဍအတွက် မင်္ဂလာရှိသည့်နေ့၊ မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် ဖွင့်လှစ်နိုင်ခြင်း ကြောင့်လည်း များစွာ ဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော် တာဝန်ယူသည့် ကာလတစ်လျှောက်လုံး နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ ခိုင်မာလာစေရန် ဦးတည်ချက်များချမှတ်ဖော်ဆောင် လျက်ရှိရာတွင် **“နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး”** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူ့ဘဝတွင် **“ကျန်းမာမှ ပညာသင်နိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”** ဖြစ်သည့်အတွက် ကျန်းမာရေးသည် ဘဝရှင်သန်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး အုတ်မြစ်ပင်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာသန်စွမ်းရှိကြမှသာ နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအား၊ လူမှုတည်ငြိမ်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များ၏ တိုးတက်ရေးကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူများ သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးနှင့် ကျန်းမာကြံ့ခိုင်ရေးတို့ကို ရည်မှန်းချက်ထားပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ **မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ယူသည့် ကာလတစ်လျှောက်လုံး နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ ခိုင်မာလာစေရန် ဦးတည်ချက်များ ချမှတ်ဖော်ဆောင်လျက်ရှိရာတွင် “နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး”ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းပြီး လက်တွေ့ကျကျ ဆောင်ရွက်ပေးလျက်ရှိ**

❖ **လူ့ဘဝတွင် “ကျန်းမာမှ ပညာသင်နိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်” ဖြစ်သည့်အတွက် ကျန်းမာရေးသည် ဘဝရှင်သန်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးအုတ်မြစ်ပင်ဖြစ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

☆ **စာမျက်နှာ ၃ မှ**

မိမိတို့ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍတွင် ကြီးမားသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသော်လည်း အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ကြသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ ပထမ တစ်နှစ်အတွင်းတွင် တစ်ကမ္ဘာလုံး ရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ရောဂါဆိုးကြီးကို **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့် မူဝါဒဖြင့် အစိုးရ၊ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းအားဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင် စသည့်သဘာဝဘေး အန္တရာယ်များ ကြုံတွေ့ခဲ့ရချိန်တွင်လည်း ကျန်းမာရေးဝန်ထမ်းများသည် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တက်ညီလက်ညီဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲများကြားက အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ဖြစ်ပွားခြင်းမရှိခဲ့သဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ အခြေခံ အဆောက်အအုံများ ဖြည့်ဆည်းမှု အနေဖြင့်လည်း ငါးနှစ်အတွင်း ပြည်သူ့ဆေးရုံပေါင်း ၂၅ ရုံကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး မြို့ပြနှင့် ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှု ကွာဟချက်မရှိစေရန်၊ တန်းတူညီမျှ ရရှိစေရန်အတွက် ကျေးလက်ဒေသများတွင် (၁၆) ခုတင်ဆံ့ဆေးရုံ ၁၂ ရုံကို အသစ်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ဆေးရုံများတွင် ရှိသင့်ရှိထိုက်သည့် အရည်အသွေးမြင့် အဆောက်အအုံကောင်းများကို တည်ဆောက်ပေးခဲ့ရာတွင် ငါးနှစ်အတွင်း ဆေးရုံအဆောက်အအုံသစ် ၄၁ ခုနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (Sustainable Development Goals – SDG)၏ ပန်းတိုင် (၃) ဖြစ်သည့် ကျွမ်းကျင်သောကျန်းမာဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် ပြည်တွင်းပြည်ပ ဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့်ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သူနာပြုများ၏ ရာထူးအဆင့် မြှင့်တင်ခြင်းနှင့် သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အသက် (၇၅)နှစ်မတိုင်မီ ကင်ဆာဖြစ်ပွားနိုင်ခြေ ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ကင်ဆာရောဂါ ကာကွယ် ထိန်းချုပ်ရေးသည် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် အရေးကြီးလာကြောင်း၊



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်အောင်စန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center– NCC) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ရေး လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးဆိုသည့်ပန်းတိုင်ကို ပြည့်မီစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ **"ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်"** ဆိုသည့် မူဝါဒချမှတ်ပြီး ငါးနှစ်တာကာလအတွင်း ပြည်သူ့ဆေးရုံတိုင်းအတွက် သစ်လွင်ဆရာဝန် ၂၆၄၉ ဦး အပါအဝင် သွားနှင့်ခံတွင်း ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကိုလည်း ခန့်အပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ကမ္ဘာပေါ်တွင် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနှုန်း သိသိသာသာ မြင့်မားလာနေပြီး အဆိုပါ ရောဂါများထဲတွင် ကင်ဆာရောဂါသည် ကျန်းမာရေးကဏ္ဍအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ကင်ဆာလူနာသစ် သန်း ၂၀ ခန့်ရှိပြီး ထိုအထဲမှ ၉ ဒသမ ၆ သန်းခန့် သေဆုံးခဲ့သည်ဟု သိရကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းလျှော့ချရန်နှင့် ရောဂါဖြစ်ပွားသည်ကို စောစီးစွာသိရှိကုသမှုခံယူနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် **"ကင်ဆာရောဂါ ထိန်းချုပ်ရေး အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)"**ကိုရေးဆွဲပြီး ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကင်ဆာရောဂါ ကုသမှုတွင် ဆေးသွင်းကုသခြင်း၊ ခွဲစိတ်ကုသခြင်းနှင့် **စာမျက်နှာ ၅ သို့** ☆

- ❖ **ယနေ့ဖွင့်လှစ်သည့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ကင်ဆာဝေဒနာရှင်များအတွက် တစ်နေရာတည်းတွင် ပြည့်စုံသည့် ကုသမှုစင်တာ (One-stop Comprehensive Care Center)အဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့**
- ❖ **ငါးထပ်ကုသဆောင်၊ ရှစ်ထပ်ကုသဆောင်များနှင့် ဓာတ်ရောင်ခြည်စက်ခန်းများအတွက် နိုင်ငံတော်က ငွေကျပ် ၃၄ ဘီလီယံကျော်၊ ဝန်ထမ်းအိမ်ရာများအတွက် ငွေကျပ် ၁၂ ဘီလီယံကျော်နှင့် ဓာတ်ရောင်ခြည်ကုသစက်အသစ်သုံးလုံးအတွက် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၃၀ ဘီလီယံကျော်ကို ခွင့်ပြုပေးခဲ့**

☆ စာမျက်နှာ ၄ မှ

ဓာတ်ရောင်ခြည်နှင့် ကုသခြင်းစသည့် ကုထုံးအမျိုးမျိုးရှိကြောင်း၊ ဓာတ်ရောင်ခြည်နှင့် ကုသခြင်းသည် ရောဂါကို ပျောက်ကင်းစေခြင်းနှင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခြင်းတို့ အတွက် အလွန်အရေးပါသည့် ကုသမှုတစ်ခုဖြစ်ကြောင်း၊ ကင်ဆာလူနာများ ဓာတ်ရောင်ခြည်နှင့် ကုသခံရန် စောင့်ဆိုင်းရသည့်အချိန်ကို လျှော့ချနိုင်ရန်အတွက် ဓာတ်ရောင်ခြည် ကုသစက်များ ဝယ်ယူတပ်ဆင်ရေး လိုအပ်သည့် ရန်ပုံငွေကို အထူးဦးစားပေးခွင့်ပြုပေးခဲ့ကြောင်း၊ ဒါ့ကြောင့် ယခု မြန်မာနိုင်ငံတွင် ဓာတ်ရောင်ခြည်ကုသစက်စုစုပေါင်း ၂၆ လုံး၊ Brachytherapy ဓာတ်အပ်စိုက်ကိရိယာ ကိုးလုံးအထိ တိုးတက်တပ်ဆင်အသုံးပြုပြီး ကုသပေးနေပြီဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်နောက်ပိုင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်ရှိသည့် ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည်ကုသစက်အသစ် ခုနစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆေးရုံကြီးများနှင့် ဌာနများတွင် ဓာတ်ရောင်ခြည်စင်တာ ငါးခု၊ ဓာတ်ရောင်ခြည်ကုသစက် ၁၅ လုံး၊ ဓာတ်အပ်စိုက်ကိရိယာ လေးလုံး ရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင် တပ်မတော် ဆေးရုံများတွင် ဓာတ်ရောင်ခြည်စင်တာ လေးခု၊ ဓာတ်ရောင်ခြည် ကုသစက် လေးလုံး၊ ဓာတ်အပ်စိုက်ကိရိယာ တစ်လုံးနှင့် ကုသမှုပေးနိုင်နေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင်လည်း အဆင့်မြင့်ဓာတ်ရောင်ခြည်ကုသစက်ကြီးများနှင့် ကုသခွင့်ကို ခွင့်ပြုပေးထားသဖြင့် ပုဂ္ဂလိကဆေးရုံများတွင် ဓာတ်ရောင်ခြည်စင်တာ ငါးခု၊ ဓာတ်ရောင်ခြည်ကုသစက် ခုနစ်လုံး၊ ဓာတ်အပ်စိုက်ကိရိယာ လေးလုံး တပ်ဆင်အသုံးပြုလျက်ရှိသည်ကို သိရှိရကြောင်း။

ယနေ့ဖွင့်လှစ်သည့် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနကို ကင်ဆာဝေဒနာရှင်များ အတွက် တစ်နေရာတည်းတွင် ပြည့်စုံသည့် ကုသမှုစင်တာ (One-stop Comprehensive Care Center) အဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငါးထပ်ကုသဆောင်၊ ရှစ်ထပ်ကုသဆောင်များနှင့် ဓာတ်ရောင်ခြည်စက်ခန်းများအတွက် နိုင်ငံတော်က ငွေကျပ် ၃၄ ဘီလီယံကျော်၊ ဝန်ထမ်းအိမ်ရာများအတွက် ငွေကျပ် ၁၂ ဘီလီယံကျော်နှင့် ဓာတ်ရောင်ခြည်ကုသစက်အသစ်သုံးလုံး အတွက် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ဘီလီယံ ၃၀ ကျော်ကို ခွင့်ပြုပေးခဲ့ကြောင်း၊ ယခုနှစ်တွင် အလှူရှင်များ လှူဒါန်းသည့် စက်တစ်လုံးသည်လည်း ငွေကျပ် ၁၉ ဘီလီယံ တန်ဖိုးရှိကြောင်း သိရှိရပြီး လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ဓာတ်ရောင်ခြည် ကုသမှုခံယူမည့် လူနာများအတွက် ဓာတ်ရောင်ခြည်စက်များထားရှိမည့် စက်ခန်းများကို ကြိုတင်ပြီး ဦးစားပေးဆောက်လုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ဗဟိုဌာနကြီး ယခုကဲ့သို့မပြီးစီးမီ ၂၀၂၄ ခုနှစ် အောက်တိုဘာလကတည်းက ဓာတ်ရောင်ခြည်ကုသစက် နှစ်လုံးနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် နောက်ထပ် ဓာတ်ရောင်ခြည်ကုသစက် တစ်လုံး တပ်ဆင်အသုံးပြုပြီး ကြိုတင်ကုသပေးနိုင်ခဲ့ကြောင်း၊ လူနာပေါင်း ၁၆၀၁ ဦးကို ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသမှု အကြိမ်ပေါင်း ၅၀၀၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာများစောင့်ဆိုင်းကာလကို သိသာစွာ လျှော့ချပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးသည့် ၂၀၂၅ ခုနှစ် ဇူလိုင်လမှစပြီးအတွင်းလူနာများကိုပါ လက်ခံကုသပေးနိုင်ခဲ့ခြင်းကြောင့် အတွင်းလူနာ ၂၈၅ ဦးနှင့် ပြင်ပလူနာ ၃၈၀၅ ဦးကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေခံအဆောက်အအုံများပြည့်စုံလာသည်နှင့်အတူ ကင်ဆာရောဂါဆိုင်ရာ ဆေးကုသမှုအရည်အသွေး ပိုမိုမြင့်မားစေရန် အတွက်စံညွှန်းကုထုံးများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ စက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်မည့် အဏုမြူရောင်ခြည်ဆိုင်ရာ ပညာရှင်များနှင့် အထူးကုဆရာဝန်ကြီးများကို စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးကြရန် လည်းမှာကြားလိုကြောင်း၊ အမျိုးသားကင်ဆာရောဂါ မှတ်တမ်းစနစ် (National Cancer Registry) ကို တည်ဆောက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းပြီး သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အထူးမှာကြားလိုသည်မှာ ရှိနေသည့်စက်ပစ္စည်းများ မည်မျှပင်ခေတ်မီ ကောင်းမွန်နေပါစေ ကိုင်တွယ်အသုံးပြုသည့် လူသားအရင်းအမြစ်များ၏ ကျွမ်းကျင်မှုနှင့် စေတနာသည်သာလျှင် ကုသမှုအောင်မြင်ရန်အတွက် အရေးကြီးဆုံး အကြောင်းအရာဖြစ်ကြောင်း၊ ကင်ဆာဝေဒနာရှင်များသည် မိမိတို့ခံစားနေရသည့် ဝေဒနာနှင့်ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများလည်းရရှိနိုင်သည့်အတွက် ကျန်းမာရေးဝန်ထမ်းများတွင် ရှိပြီးဖြစ်သည့် **“စေတနာ၊ ဝါသနာ၊ အနစ်နာ”** ဆိုသည့် နာသုံးနာကိုအရင်းခံပြီး လူနာများအပေါ် မိသားစုစိတ်ဓာတ်ဖြင့် မေတ္တာထားပြီး နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း၊ ပြည်သူလူထုအားကိုးယုံကြည်ရသည့် ဌာနကြီးဖြစ်အောင် အားလုံးကဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းပေးကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ရောဂါဖြစ်မှ ကုသခြင်းထက် “ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်” ဆိုသည့်အတိုင်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံများ ရှိစေရန်၊ အရက်နှင့် ဆေးလိပ်သုံးစွဲမှု လျှော့ချရန်၊ သားအိမ်ခေါင်း ကင်ဆာနှင့် အသည်းရောင် အသားဝါ(ဘီ) ရောဂါကာကွယ်ဆေးများ ထိုးနှံကြရန်နှင့် ရောဂါကို အစောဆုံးရှာဖွေဖော်ထုတ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုစနစ်နှင့် ချိတ်ဆက်ပြီး ကင်ဆာရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေး ယခုကဲ့သို့ ခေတ်မီအဆောက်အအုံများ အောင်မြင်စွာ တည်ဆောက်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း၊ အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနသည် နှစ်ပေါင်းများစွာ ရေရှည်အသုံးပြုနိုင်မည့် ဌာနတစ်ခုဖြစ်ပြီး ပြည်သူများအတွက် အကျိုးရှိမည့် ဌာနကြီးဖြစ်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်ကြောင်းနှင့် အားလုံးကိုယ်စိတ်ကျန်းမာစွာဖြင့် ပြည်သူများ၏ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားကင်ဆာကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် မိသားစုက အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် အမျိုးသားကင်ဆာကုသရေး ဗဟိုဌာန (National Cancer Center – NCC) အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသားကင်ဆာ ကုသရေးဗဟိုဌာန (National Cancer Center – NCC) ဖွင့်လှစ်နိုင်ခဲ့မှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **၂၀၂၁ ခုနှစ်နောက်ပိုင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင်ရှိသည့် ဆေးရုံကြီးများတွင် ဓာတ်ရောင်ခြည်ကုသစက်အသစ် ခုနစ်လုံး တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ဆေးရုံကြီးများနှင့် ဌာနများတွင် ဓာတ်ရောင်ခြည်စင်တာ ငါးခု၊ ဓာတ်ရောင်ခြည်ကုသစက် ၁၅ လုံး၊ ဓာတ်အပ်စိုက်ကိရိယာ လေးလုံးရှိနေပြီဖြစ်**



အမျိုးသားကင်ဆာကုသရေးဗဟိုဌာနရှိ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသမှုစက်ခန်းကို တွေ့ရစဉ်။

## မရမ်းကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

ရန်ကုန် မတ် ၇

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကျောင်းသား ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် နွေရာသီကျောင်းပိတ်ရက်အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန် အခြေခံပန်းချီရေးဆွဲနည်းသင်တန်း(အခမဲ့)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။



ထိုသို့ဖွင့်လှစ်ရာတွင် မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးရှင်ဇာနန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်မော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းကို မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလကို မတ် ၅ ရက်မှစ၍ ရက်သတ္တလေးပတ်ကြာ နံနက် ၉ နာရီ မှ ၁၁ နာရီခွဲအထိ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၆ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ဈေးအရာရှိ၊ ဈေးမိဈေးဖများ၊ လုံခြုံရေးဝန်ထမ်းများ စုပေါင်း၍ မီးလောင်၊ မီးလန့်မှု မဖြစ်ပွားစေရေး စစ်ဆေးဆောင်ရွက်စဉ်။ သန်းဝင်း(သန်လျင်)

# ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၂ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရှေ့နေများအက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်၏နောက်တွင် အောက်ပါအတိုင်းဖြည့်စွက်ရမည်–
“အခကြေးငွေယူ၍ဖြစ်စေ၊ မယူဘဲဖြစ်စေ အမှုစွဲဆို ဆိုင်ပြိုင်ရန်အလို့ငှာ အမှုသည်၏ ကိုယ်စားလှယ်အဖြစ် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်သူ၊ သို့မဟုတ်”

၃။ ရှေ့နေများအက်ဥပဒေပုဒ်မ ၁၀ ပြဋ္ဌာန်းချက်၏နောက်တွင် “ထို့ပြင် ရှေ့နေအဖြစ် မည်သည့်တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။”ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၂ ပထမအပိုဒ်ကို အောက်ပါအတိုင်းအစားထိုးရမည်–
“မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ တရားရုံးတစ်ရုံးရုံးတွင် ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေအဖြစ် တရားရုံးပြင်ပလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းပြုပါက ၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။”

၅။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၃ တွင်ပါရှိသော “ငွေဒဏ် ၂၀၀ ကျပ်အထိ ချမှတ်ခံရမည်။ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၃ လအထိ ချမှတ်ခံရမည်။” ဆိုသည့် စကားရပ်ကို “၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၄ တွင်ပါရှိသော “အဆိုပါတရားရုံး သို့မဟုတ် အဆိုပါရုံးမှ အကြီးအကဲအရာရှိ၏ အမိန့်အရ ငွေဒဏ် ၅၀၀ ကျပ်အထိ ချမှတ်ခံရမည့်ပြင် ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၆ လအထိချမှတ်ခံရမည်။” ဆိုသည့်စကားရပ်ကို “၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃၆ တွင် –
(က) ပုဒ်မခွဲ(၃)၌ပါရှိသော “သက်ဆိုင်သည့်တရားရုံးတိုင်းတွင်” ဆိုသည့် စကားရပ်ကို “တရားရုံးအသီးသီးတွင်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
( ခ ) ပုဒ်မခွဲ(၆)၌ပါရှိသော “ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ငွေဒဏ် ၅၀၀ ကျပ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။” ဆိုသည့် စကားရပ်ကို “၃ နှစ်ထက်မပိုသောထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# ယစ်မျိုးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ယစ်မျိုးဥပဒေ**
**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၃ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ယစ်မျိုးဥပဒေဟု ခေါ်တွင်စေရမည်။
( ခ ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–
(က) **ယစ်မျိုး** ဆိုသည်မှာ အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။
( ခ ) **အရက်** ဆိုသည်မှာ အီသိုင်းလ်အယ်လ်ကိုဟော (Ethyl Alcohol) ပမာဏ ၀.၅ ရာခိုင်နှုန်းနှင့်အထက်ပါဝင်သည့် အရည်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဘီယာ၊ ဝိုင်၊ ထန်းရည်၊ တည်အရက်နှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဖြစ်သည်ဟု သတ်မှတ်ထားသည့် အရည်တစ်မျိုးမျိုးလည်းပါဝင်သည်။ သို့ရာတွင် မူလသတ္တိပျက်ပြီးအရက်မပါဝင်။
( ဂ ) **ယစ်မျိုးသက်ဝင်ပစ္စည်း** ဆိုသည်မှာ အရက်အာနိသင်ပါဝင်သည့် အရည် သို့မဟုတ် အရာဝတ္ထုကို ဆိုသည်။
(ဃ) **ဘီယာ** ဆိုသည်မှာ မုယောစပါး၊ ဘာလီ၊ ဂျုံ၊ ဆန်၊ ပြောင်း စသည့် ကောက်ပဲသီးနှံတစ်မျိုးမျိုး သို့မဟုတ် သကြားကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်တစ်မျိုးမျိုးကို အသုံးပြု ကစော်ဖောက်ကာ တဆေးပါဝင်သည့် အရည်ဖြင့်ရောနှော၍ ချက်လုပ်ရရှိလာသည့် အရည်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဖြစ်သည်ဟု သတ်မှတ်ထားသည့်အရည်လည်း ပါဝင်သည်။
( င ) **ဝိုင်** ဆိုသည်မှာ စပျစ်သီးအပါအဝင် သစ်သီးတစ်မျိုးမျိုး၊ သစ်ဥ၊ သစ်ဖု၊ ဟင်းသီးဟင်းရွက်၊ ပန်း သို့မဟုတ် ပျားရည် အစရှိသည့် ပစ္စည်းတစ်မျိုးမျိုးကို သတ်မှတ်ထားသည့် ကုန်ကြမ်းပစ္စည်းနှင့် တဆေးအသုံးပြု၍ ကစော်ဖောက်ထားပြီး အီသိုင်းလ်အယ်လ်ကိုဟော (Ethyl Alcohol) ပမာဏ ၁၈ ရာခိုင်နှုန်းထက်မများသော အရည်ကိုဆိုသည်။
( စ ) **ထန်းရည်** ဆိုသည်မှာ အုန်း၊ ထန်း၊ ဓနိ၊ ပေ စသည့် အပင်တစ်မျိုးမျိုးမှထွက်ရှိပြီး ကစော်ပေါက်သည့်အရည်ကို ဆိုသည်။
(ဆ) **တည်အရက်** ဆိုသည်မှာ ပေါင်းခံချက်လုပ်ခြင်းမပြုဘဲ သဘာဝအလျောက် ကစော်ပေါက်သည့် သို့မဟုတ် ကစော်ဖောက်ထားသည့် လှော်စာရည်၊ ခေါင်ရည်၊ စိမ်ရည်ကဲ့သို့သော အရည်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဘီယာ၊ ဝိုင်နှင့် ထန်းရည်တို့ မပါဝင်။
( ဇ ) **ပြည်တွင်းဖြစ်အရက်** ဆိုသည်မှာ ပြည်တွင်း၌ ပေါင်းဖိုဖြင့်ဖြစ်စေ၊ စက်ရုံဖြင့်ဖြစ်စေ ချက်လုပ်ထားသော အရက်ပြင်းကိုသော်လည်းကောင်း၊ ယင်းအရက်ပြင်းကို သောက်သုံးရန်သင့်လျော်သောအရက်အဖြစ် သတ်မှတ်ချက်နှင့်အညီ ပြုပြင်ဖန်တီးထုတ်လုပ်ထားသည့် အရက်ကိုသော်လည်းကောင်း ဆိုသည်။
( ဈ ) **နိုင်ငံခြားအရက်** ဆိုသည်မှာ ပြည်ပမှတင်သွင်းသောအရက် သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြည်ပမှတင်သွင်းပြီး၊ ပြည်တွင်း၌ ပုလင်းသွတ်ထားသော အရက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်း၌ စက်ရုံခွဲတည်ထောင်၍ နိုင်ငံခြားကုမ္ပဏီတစ်ခုခု၏ ထုတ်ကုန်အမှတ်တံဆိပ်၊ ထုတ်ကုန်အမည်ကို အသုံးပြုခွင့်ရယူကာ ယင်းကုမ္ပဏီ၏သတ်မှတ်ကုန်ကြမ်းများ၊ နည်းစဉ်များနှင့်အညီ ထုတ်လုပ်ထားသည့်အရက်လည်း ပါဝင်သည်။
(ည) **နိုင်ငံတကာအဆင့်မီပြည်တွင်းဖြစ်အရက်** ဆိုသည်မှာ သတ်မှတ်နည်းလမ်းနှင့် သတ်မှတ်ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ပြည်တွင်း၌ထုတ်လုပ်ထားသော ဘီယာ၊ ဝိုင်၊ ဝီစကီ၊ ဘရန်ဒီ၊ ဂျင်၊ ရမ်၊ ဗော်ဒ်ကာ၊ အရက်ချိုပြင်း စသည်တို့အပါအဝင် အရက်တစ်မျိုးမျိုးကို ဆိုသည်။
( ဋ ) **မူလသတ္တိပျက်ပြီးအရက်** ဆိုသည်မှာ စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုရန်၊ လူသုံးကုန်ပစ္စည်းတွင် ထည့်သွင်းအသုံးပြုရန် သို့မဟုတ် ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုရန် ပြုပြင်ထားပြီး၊ သောက်သုံးရန်သင့်လျော်မှုမရှိသောအရက်ကို ဆိုသည်။
( ဌ ) **ယစ်မျိုးလိုင်စင်** ဆိုသည်မှာ ဤဥပဒေပါ ယစ်မျိုးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်။
( ဍ ) **ယစ်မျိုးလုပ်ငန်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ယစ်မျိုးလုပ်ငန်းလည်း ပါဝင်သည်။
( ဎ ) ထုတ်လုပ်ခြင်းဆိုရာတွင် အောက်ပါတို့ပါဝင်သည်–
(၁) အရက်ကို နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်လုပ်ခြင်း၊
(၂) ယစ်မျိုးသက်ဝင်ပစ္စည်းကို ပြန်လည်ပေါင်းခံခြင်း၊
(၃) အရက်ကို စည်ဖြင့်နှစ်ချို့ခံခြင်း၊
(၄) အရက်ကို သန့်စင်အောင်ပြုလုပ်ခြင်း၊ အနံ့အရသာထည့်သွင်းခြင်း၊ တစ်စုံတစ်ရာရောနှောခြင်း သို့မဟုတ် အရောင်ထည့်ခြင်း။
(ဏ) **တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ အဆင့်မြင့်နည်းပညာအသုံးပြု၍ နိုင်ငံတကာအဆင့်မီ ထပ်မံပြုပြင်ဖန်တီးထုတ်လုပ်ခြင်းကို ဆိုသည်။
(တ) **ပုလင်းသွတ်ခြင်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ ပုလင်း၊ သံဘူး၊ ကရား၊ တကောင်း စသည့် ထည့်စရာတစ်ခုခုအတွင်း ပြောင်းထည့်ခြင်းနှင့် ထပ်ဆင့်ရွှေ့ပြောင်းထည့်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တံဆိပ်ကပ်ခြင်းလည်း ပါဝင်သည်။
(ထ) **ဖြန့်ဖြူးခြင်း** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရောင်းချရန်သတ်မှတ်ထားသည့်ပမာဏထက်ပို၍ ယစ်မျိုးလိုင်စင်ရှိသူထံ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ လက်ကားလွှဲပြောင်းခြင်းကို ဆိုသည်။

စာမျက်နှာ ၇ သို့ ✣

✣ စာမျက်နှာ ၆ မှ

(ဒ) **ရောင်းချခြင်း** ဆိုသည်မှာ ဝယ်ယူသူထံ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ လက်လီလွှဲပြောင်းခြင်းကို ဆိုသည်။

(ဓ) **သယ်ယူပို့ဆောင်ခြင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း နေရာတစ်ခုမှ အခြားနေရာတစ်ခုသို့ နည်းလမ်းတစ်မျိုးမျိုးဖြင့် ရွှေ့ပြောင်းခြင်းကို ဆိုသည်။

(န) **ပြည်ပမှတင်သွင်းခြင်း** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကို ဆိုသည်။

(ပ) **ပြည်ပသို့တင်ပို့ခြင်း** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကို ဆိုသည်။

(ဖ) **နေရာ** ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ လှေ၊ ဖောင် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဗ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဘ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(မ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ယ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ရ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(လ) **ခရိုင်ယစ်မျိုးအရာရှိ** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူး သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ဝ) **မြို့နယ်ယစ်မျိုးအရာရှိ** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(သ) **ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ယစ်မျိုးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းကို အများပြည်သူသုံးစွဲမှု စနစ်ကျနမှု ရှိစေရန်၊

(ခ) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ယစ်မျိုးခွန်များ အပြည့်အဝရရှိစေရေး ကြီးကြပ်နိုင်ရန်၊

(ဂ) အရက်သောက်သုံးမှုအလေ့အထ လျော့နည်းစေရန်နှင့် အရက်သောက်သုံးမှု လျှော့ချနိုင်စေရန်၊

(ဃ) လူမှုရေး၊ ကျန်းမာရေးထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး အရည်အသွေးမြင့်မားသော အရက် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်း ဖြစ်စေရန်၊

(င) အရက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းကို စနစ်တကျဆောင်ရွက်နိုင်စေရန်၊

(စ) အရက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းတို့ကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်။

**အခန်း(၃)**

**ယစ်မျိုးမူဝါဒကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် ယစ်မျိုးမူဝါဒကော်မတီကို အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက ယစ်မျိုးမူဝါဒကော်မတီကို ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၅။ ယစ်မျိုးမူဝါဒကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယစ်မျိုးမူဝါဒများချမှတ်ခြင်း –

(၁) အရက်သောက်သုံးမှုကြောင့် လူမှုရေး၊ ကျန်းမာရေး ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ထိန်းသိမ်းကာကွယ်ခြင်းကိစ္စ၊

(၂) အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းတို့ကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းကိစ္စ၊

(၃) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခြင်းကိစ္စ၊

(၄) အရက်အမျိုးအစားအလိုက် ထုတ်လုပ်မှုနည်းစဉ်သတ်မှတ်ခြင်းကိစ္စ၊

(ခ) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်နိုင်ရန် အနည်းဆုံးရင်းနှီးမြှုပ်နှံရမည့် ငွေကြေးပမာဏကို သတ်မှတ်ပေးခြင်း၊

(ဂ) အရက်စွဲသူများအတွက် ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ယစ်မျိုးမူဝါဒများကို ငါးနှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြန်လည်သုံးသပ်ခြင်း။

**အခန်း(၄)**

**ယစ်မျိုးစီမံခန့်ခွဲရေးနှင့် ယစ်မျိုးလုပ်ငန်းများကိုကြီးကြပ်ခြင်း**

၆။ ညွှန်ကြားရေးမှူးချုပ်သည် ယစ်မျိုးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ယစ်မျိုးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၇။ ယစ်မျိုးအရာရှိအဆင့်ဆင့်သည် ယစ်မျိုးစီမံခန့်ခွဲခြင်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာ ယစ်မျိုးအရာရှိသည် –

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးခွန်ဥပဒေပါ ယစ်မျိုးခွန်ကောက်ခံခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် ယစ်မျိုးခွန်ကောက်ခံခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည်–

(က) (၁) သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ခရိုင်ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အများဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။

(၂) သက်ဆိုင်ရာ မြို့နယ်ယစ်မျိုးအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြို့နယ်ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အများဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့် အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ အရက် ရောင်းချခြင်းဆိုင်ရာ အချိန်ကန့်သတ်ခြင်းနှင့် အရက်သောက်သုံးမှုနယ်မြေကန့်သတ်ခြင်း တို့ကို ပြုနိုင်သည်။

**အခန်း(၅)**

**ယစ်မျိုးလိုင်စင် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၁၀။ ဦးစီးဌာနသည် ယစ်မျိုးနှင့်သက်ဆိုင်သော အောက်ပါလုပ်ငန်းများအတွက် သက်ဆိုင်ရာ ယစ်မျိုး လိုင်စင်ကို ခွင့်ပြုနိုင်သည်–

(က) ထုတ်လုပ်ခြင်း၊

(ခ) တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊

(ဂ) ပုလင်းသွတ်ခြင်း၊

(ဃ) ဖြန့်ဖြူးခြင်း၊

(င) ရောင်းချခြင်း၊

(စ) ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ယစ်မျိုးလုပ်ငန်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်။

၁၁။ ဦးစီးဌာနသည် ပုဒ်မ ၁၀ ပါယစ်မျိုးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်အမျိုးအစားကို လည်းကောင်း၊ ယစ်မျိုးလိုင်စင်အမျိုးအစားအလိုက် စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၁၂။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယစ်မျိုးလုပ်ငန်းကို လုပ်ကိုင်ရန် ယစ်မျိုးလိုင်စင်ကို လျှောက်ထားနိုင်သည်–

(က) မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသားအစုရှယ်ယာ ၃၅ ရာခိုင်နှုန်းနှင့်အောက်ပါဝင်သည့် နိုင်ငံခြားကုမ္ပဏီ၊

(ဂ) ဥပဒေနှင့်အညီဖွဲ့စည်းထားသော မြန်မာနိုင်ငံသားတစ်ဦးတည်းပိုင်ကုမ္ပဏီ၊ မြန်မာနိုင်ငံသားများ ဖြင့်ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အစုစပ်လုပ်ငန်း အဖွဲ့အစည်း။

၁၃။ ပုဒ်မ ၁၀ ပါ ယစ်မျိုးလုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်လိုသူသည် ယစ်မျိုးလိုင်စင်တစ်မျိုးမျိုးရရှိရန် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၄။ (က) ခရိုင်ယစ်မျိုးအရာရှိသည်ပုဒ်မ ၁၃ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းရှိ မရှိ မြို့နယ်ယစ်မျိုးအရာရှိကို စိစစ်တင်ပြစေရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(ဂ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် မိမိ၏သဘောထား မှတ်ချက်နှင့်အတူ–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ယစ်မျိုး အရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်–

(က) ပုဒ်မ ၁၄ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံ ရမည်။

(ခ) ပုဒ်မခွဲ(က)အရ တောင်းခံသည့် သဘောထားမှတ်ချက် လက်ခံရရှိလျှင် မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဦးစီးဌာနသို့တင်ပြရမည်။

၁၆။ ဦးစီးဌာနသည်–

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)အရ တင်ပြသော ယစ်မျိုးလိုင်စင်လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ယစ်မျိုးလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မိမိ၏ဆုံးဖြတ်ချက်ကို ခရိုင်ယစ်မျိုးအရာရှိထံ အကြောင်းကြားရမည်။

၁၇။ ပုဒ်မ ၁၆ ပုဒ်မခွဲ (က) အရ ခွင့်ပြုလျှင် ခရိုင်ယစ်မျိုးအရာရှိသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား ယစ်မျိုးလိုင်စင်ထုတ်ပေးရမည်။

စာမျက်နှာ ၈ သို့ ✣

✣ စာမျက်နှာ ၇ မှ

၁၈။ (က) ယစ်မျိုးလိုင်စင်ရရှိသူသည် ယစ်မျိုးလိုင်စင်ကို သက်တမ်းတိုးလျှောက်ထားလိုလျှင် မြို့နယ်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ တင်ပြရမည်။

၁၉။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ တင်ပြရမည်။

၂၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၁၉ အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ တောင်းခံသည့် သဘောထားမှတ်ချက် လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၂၁။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)အရ တင်ပြချက်အပေါ် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မိမိ၏ ဆုံးဖြတ်ချက်ကို ခရိုင်ယစ်မျိုးအရာရှိထံ အကြောင်းကြားရမည်။

၂၂။ ပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ သက်တမ်းတိုးခွင့်ပြုလျှင် ခရိုင်ယစ်မျိုးအရာရှိသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးပေးသွင်းစေပြီး လျှောက်ထားသူအား ယစ်မျိုးလိုင်စင် ထုတ်ပေးရမည်။

၂၃။ (က) ဦးစီးဌာနသည် လေလံစနစ်ဖြင့် ခွင့်ပြုနိုင်သော ယစ်မျိုးလုပ်ငန်းအမျိုးအစားကို သတ်မှတ်နိုင်သည်။

(ခ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(က)အရ သတ်မှတ်သော ယစ်မျိုးလုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ထုတ်ပေးရမည်။

၂၄။ ယစ်မျိုးလိုင်စင်ကို မည်သည့်ရက်တွင် ထုတ်ပေးစေကာမူ ယင်း၏သက်တမ်းသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်ရက်အထိသာ အတည်ဖြစ်သည်။

**အခန်း(၆)**

**ယစ်မျိုးလိုင်စင်ရရှိသူ၏ တာဝန်များ**

၂၅။ ယစ်မျိုးလိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်ပြင် ယစ်မျိုးလုပ်ငန်းနှင့် သက်ဆိုင်သည့် စာရင်းနှင့် မှတ်ပုံတင်စာအုပ်များကို စနစ်တကျ စာရင်းပြုစုထားရမည်။

၂၆။ ယစ်မျိုးလိုင်စင်ရရှိသူသည် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

**အခန်း(၇)**

**ယစ်မျိုးလိုင်စင်ရရှိသူအမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစားပြောင်းလဲခွင့်၊ လိုင်စင်ပိတ်သိမ်းခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၂၇။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည် သက်ဆိုင်ရာ ခရိုင်ယစ်မျိုး အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည် -

(က) ယစ်မျိုးလိုင်စင်ရရှိသူအမည် ပြောင်းလဲခြင်း၊

(ခ) ယစ်မျိုးလိုင်စင်ရရှိထားသည့်တည်နေရာ ပြောင်းလဲခြင်း၊

(ဂ) ယစ်မျိုးလိုင်စင်အမျိုးအစားတစ်ခုမှ အခြားယစ်မျိုးလိုင်စင် အမျိုးအစားတစ်ခုသို့ပြောင်းလဲခြင်း၊

(ဃ) ယစ်မျိုးလိုင်စင် ပိတ်သိမ်းခြင်း။

၂၈။ (က) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၂၇ ပါ ကိစ္စတစ်ရပ်ရပ်အတွက် လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းရှိ မရှိ မြို့နယ်ယစ်မျိုးအရာရှိကို စိစစ်တင်ပြစေရမည်။

( ခ ) မြို့နယ်ယစ်မျိုးအရာရှိသည် စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

( ဂ ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(၂ ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၂၈ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ တောင်းခံသည့် သဘောထားမှတ်ချက်ကို လက်ခံရရှိလျှင် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၃၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လျှောက်ထားသည့်ကိစ္စကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၇ ပုဒ်မခွဲ(က)၊ (ခ) သို့မဟုတ် (ဂ)ပါ ပြောင်းလဲခြင်းအတွက် ခွင့်ပြုချက်ရရှိသူသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ကြေးကို ပေးသွင်းရမည်။

**အခန်း(၈)**

**အရက်သိုလှောင်ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၃၁။ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိထုတ်လုပ်သည့်အရက် သို့မဟုတ် ဖြန့်ဖြူးခွင့်ရှိသည့် အရက်ကို ယစ်မျိုးလိုင်စင်ပါ မူလခွင့်ပြုထားသည့် နေရာအပြင် အခြားနေရာတွင် သိုလှောင်ခြင်း ပြုလုပ်လိုလျှင် အရက်သိုလှောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၂။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော် ယစ်မျိုးအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၃၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၃၂ အရ တင်ပြချက်ကို လက်ခံရရှိလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တင်ပြတောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တင်ပြတောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)အရ တောင်းခံသည့် သဘောထားမှတ်ချက်ကို လက်ခံရရှိလျှင် ယင်းသဘောထားမှတ်ချက်နှင့်အညီဆောင်ရွက်ရန် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ ညွှန်ကြားရမည်။

၃၄။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၁ အရ အရက်သိုလှောင်ခွင့်ပြုမိန့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပုဒ်မ ၃၃ ပုဒ်မခွဲ (ခ)ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၅။ ဦးစီးဌာနသည် ယစ်မျိုးလိုင်စင်ရယူရန်မလိုဘဲ လက်ဝယ်ထားပိုင်ခွင့်ရှိသော အရက်အမျိုးအစားအလိုက် အရေအတွက်၊ ပမာဏကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

**အခန်း(၉)**

**အရက်သယ်ယူပို့ဆောင်ခွင့်လက်မှတ် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၃၆။ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိထုတ်လုပ်သည့်အရက် သို့မဟုတ် ဖြန့်ဖြူးခွင့်ရှိသည့် အရက်ကို ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူ သို့မဟုတ် ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူထံ သယ်ယူပို့ဆောင်ခြင်းပြုလိုလျှင် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၇။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ စိစစ်ပြီး အရက်သယ်ယူပို့ဆောင်ခွင့်လက်မှတ် ထုတ်ပေးခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း(၁၀)**

**အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခွင့်၊ တိုးချဲ့ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း**

၃၈။ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခြင်း၊

( ခ ) တည်ထောင်ခွင့်ပြုမိန့် ရရှိထားသော စက်ရုံကို တိုးချဲ့ခြင်းနှင့် ခွင့်ပြုထားသောနေရာ၌ ယစ်မျိုးလုပ်ငန်းပမာဏတိုးချဲ့ခြင်း၊

( ဂ ) ခွင့်ပြုထားသော စက်ရုံမြေဧရိယာအပြင် ဆက်စပ်မြေဧရိယာ တိုးချဲ့ခြင်းနှင့် ယစ်မျိုးလိုင်စင်ပါ ယစ်မျိုးလုပ်ငန်းပမာဏ တိုးချဲ့ခြင်း၊

(ဃ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော စက်ရုံတည်ရှိရာနေရာမှ အခြားနေရာသို့ စက်ရုံပြောင်းရွှေ့တည်ထောင်ခြင်း။

၃၉။ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် စက်ရုံတည်ထောင်ခြင်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားရမည်။

( ခ ) ပြည်ထောင်စုနယ်မြေတွင် စက်ရုံတည်ထောင်ခြင်းဖြစ်လျှင် နေပြည်တော်ကောင်စီ၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၃၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် -

(၁) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(၂) ပုဒ်မခွဲငယ်(၁)အရ စိစစ်ပြီး ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ ) ပုဒ်မ ၃၈ ပါကိစ္စတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ရရှိသူသည် အာမခံကြေးအပါအဝင် ဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၄၁။ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရုံတည်ထောင်ရန်အလို့ငှာ မြေနေရာပြင်ဆင်ခြင်း၊ စက်ကိရိယာများတပ်ဆင်ခြင်း အပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များကို ဦးစီးဌာနသို့တင်ပြ၍ လမ်းညွှန်ချက်ရယူရမည့်ပြင် ဦးစီးဌာန၏ စစ်ဆေးခြင်းကိုလည်း ခံယူရမည်။

စာမျက်နှာ ၉ သို့ ✣

✣ စာမျက်နှာ ၈ မှ

( ခ ) စက်ရုံတည်ထောင်ပြီးပါက ထုတ်လုပ်ခြင်းအတွက် ယစ်မျိုးလိုင်စင်ကို သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

**အခန်း (၁၁)**

**ဖြန့်ဖြူးခြင်းနှင့်ရောင်းချခြင်း**

၄၂။ ထန်းရည်ကို ထန်းရည်ရောင်းချခွင့်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူထံ သတ်မှတ်ချက်နှင့်အညီ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းမှတစ်ပါး စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း ပြုလုပ်လိုသူသည် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် သယ်ယူပို့ဆောင်ခွင့်လက်မှတ် လျှောက်ထားရယူရမည်။

**ရှင်းလင်းချက်။** စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း ဆိုသည်မှာ ၅၀ လီတာထက်ပိုသည့် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

၄၃။ ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသောအခြားသူထံ အရက်ကို အွန်လိုင်းစနစ်ဖြင့် ဖြန့်ဖြူးခြင်းပြုလုပ်လိုလျှင် ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ပုလင်းသွတ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်အမျိုးအစား တစ်ခုချင်းအလိုက် သောက်သုံးရန် သင့်လျော်သော အရက်ဖြစ်ကြောင်း အတည်ပြုပေးနိုင်သည့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အတည်ပြုချက်ရရှိမှသာ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရမည်။

**အခန်း (၁၂)**

**ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း**

၄၅။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်ကို ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပသို့ တင်ပို့နိုင်သည်။

၄၆။ ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်ကို ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပမှတင်သွင်းနိုင်သည်။

၄၇။ ဦးစီးဌာနသည် အရက်ကို ပြည်ပမှ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကန့်သတ်နိုင်သည်။

**အခန်း (၁၃)**

**ယစ်မျိုးလုပ်ငန်းများကို စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် အရေးယူခြင်း**

၄၈။ ညွှန်ကြားရေးမှူးချုပ်သည်–

(က) ယစ်မျိုးလိုင်စင်ရရှိထားသည့် ယစ်မျိုးလုပ်ငန်းများကို စစ်ဆေးခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် မိမိကိုယ်တိုင်ဖြစ်စေ၊ ဦးစီးအရာရှိအဆင့်အောက် မနိမ့်သော အရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ပါဝင်သော အဖွဲ့ကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၉။ ခရိုင်ယစ်မျိုးအရာရှိ သို့မဟုတ် မြို့နယ်ယစ်မျိုးအရာရှိသည် အရက်ထုတ်လုပ်ခြင်းပြုသည့် နေရာ၊ အရက်ဖြန့်ဖြူးခြင်းပြုသည့်နေရာ သို့မဟုတ် အရက်ရောင်းချခြင်းပြုသည့်နေရာကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

၅၀။ ယစ်မျိုးအရာရှိအဆင့်ဆင့်သည် –

(က) အောက်ပါယစ်မျိုးလုပ်ငန်းဆိုင်ရာနေရာနှင့် အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်း သယ်ဆောင်သည့်ယာဉ်တို့ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးရမည်–

(၁) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ထုတ်လုပ်ခြင်း၊

(၂) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း၊

(၃) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို သိုလှောင်ခြင်း၊

(၄) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖြန့်ဖြူးခြင်း၊

(၅) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ရောင်းချခြင်း။

( ခ ) ယစ်မျိုးလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းနှင့် မှတ်ပုံတင်စာအုပ်များကို စစ်ဆေးခြင်း ပြုရမည်။

( ဂ ) ပုဒ်မခွဲ(က)အရ စစ်ဆေးရာတွင် တွေ့ရှိသည့် အရက်၊ ယစ်မျိုးသက်ဝင်ပစ္စည်း သို့မဟုတ် ကိရိယာ တန်ဆာပလာများကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် ချိန်တွယ်ခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ) သို့မဟုတ် (ဂ)အရ စစ်ဆေးရာတွင် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုထားသည့် ယစ်မျိုးလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရမည်။

၅၁။ မြို့နယ်ယစ်မျိုးအရာရှိသည် အများပြည်သူအေးချမ်းသာယာရေးအလို့ငှာ လိုအပ်သည်ဟု ထင်မြင်ယူဆပါက အရက်ဖြန့်ဖြူးခြင်းပြုသည့်နေရာ သို့မဟုတ် အရက်ရောင်းချခြင်းပြုသည့်နေရာကို သတ်မှတ်အချိန် သို့မဟုတ် ကာလအထိ ယာယီပိတ်ထားရန် မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ သဘောတူညီချက်ရရှိလျှင် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံတင်ပြပြီး ညွှန်ကြားနိုင်သည်။

၅၂။ အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အဓိကရုဏ်းသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးသော်လည်းကောင်း ဖြစ်ပွားနိုင်ကြောင်း သို့မဟုတ် ဖြစ်ပွားနေကြောင်း ယုံကြည်လောက်သောသတင်း ရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဖြစ်စေ၊ သက်ဆိုင်ရာ ရဲစခန်းမှူးကဖြစ်စေ သင့်လျော်သည့် အချိန်ကာလအပိုင်းအခြားအထိ အဆိုပါနေရာကို ယာယီပိတ်ထားရန် မြို့နယ်ယစ်မျိုးအရာရှိ၏ သဘောတူညီချက်ဖြင့် ညွှန်ကြားနိုင်သည်။

၅၃။ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် –

(က) ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၂ အရ ညွှန်ကြားချက်ရရှိလျှင် အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာကို ယာယီပိတ်ထားရမည်။

( ခ ) ပုဒ်မ ၅၂ အရ ညွှန်ကြားချက် တစ်စုံတစ်ရာ မရရှိစေကာမူ အောက်ပါအခြေအနေတစ်ရပ်ရပ် ဖြစ်ပွားပါက အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာကို ယာယီပိတ်ထားရမည် –

(၁) အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အဓိကရုဏ်းဖြစ်ပွားခြင်း၊

(၂) အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်ပွားခြင်း။

**အခန်း (၁၄)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၄။ ယစ်မျိုးလိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့် သတ်မှတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယစ်မျိုးလိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၄၁ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် –

(က) စာဖြင့်သတိပေးခြင်း၊

( ခ ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

( ဂ ) ယစ်မျိုးလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ယစ်မျိုးလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ပိတ်သိမ်းခြင်း။

**အခန်း (၁၅)**

**အယူခံခြင်း**

၅၅။ (က) ယစ်မျိုးလိုင်စင်ရရှိသူသည် ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၅၄ အရ ချမှတ်သော အမိန့်ကို ကျေနပ်မှုမရှိလျှင် ယင်းအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

( ဂ ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း (၁၆)**

**တားမြစ်ချက်များ**

၅၆။ ထန်းရည်ကို ယစ်မျိုးလိုင်စင် ရရှိသူထံ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းမှတစ်ပါး မည်သူမျှ ယစ်မျိုးလိုင်စင်မရှိဘဲ စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၅၇။ မည်သူမျှ တည်အရက်ကို –

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

( ခ ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

( ဂ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ် မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၅၈။ မည်သူမျှ ဝိုင် ကို–

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

( ခ ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

( ဂ ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(ဃ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှ တင်သွင်းခြင်းမပြုရ။

( င ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

( စ ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

( ဇ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၅၉။ မည်သူမျှ ပြည်တွင်းဖြစ်အရက်ကို–

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

( ခ ) ယစ်မျိုးလိုင်စင်မရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း မပြုရ။

( ဂ ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ဃ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

( င ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

( စ ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

( ဇ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၀။ မည်သူမျှ ထန်းရည် သို့မဟုတ် တည်အရက်ကို ယစ်မျိုးလိုင်စင်မရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း မပြုရ။

စာမျက်နှာ ၁၀ သို့ ✣

✣ စာမျက်နှာ ၉ မှ

၆၁။ မည်သူမျှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့် အရက်ကို -

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်းမပြုရ။

( ခ ) တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

( ဂ ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(ဃ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(င) သယ်ယူပို့ဆောင်ခွင့်လက်မှတ် မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

( စ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၂။ မည်သူမျှ နိုင်ငံခြားအရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

( ခ ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

( ဂ ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် မရှိဘဲ ပြည်ပမှ တင်သွင်းခြင်း မပြုရ။

(ဃ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

( င ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

( စ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၃။ မည်သူမျှ ဘီယာနှင့် ဝိုင် မှတစ်ပါး နိုင်ငံတကာအဆင့်မီ ပြည်တွင်းဖြစ် အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

( ခ ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

( ဂ ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(ဃ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်းမပြုရ။

( င ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

( စ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်းမပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၄။ မည်သူမျှ ဘီယာ ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

( ခ ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

( ဂ ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(ဃ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှ တင်သွင်းခြင်း မပြုရ။

( င ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

( စ ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

( ဇ ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၅။ မည်သူမျှ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်ကို ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မရှိဘဲ ဆောင်ရွက်ခြင်း မပြုရ။

၆၆။ မည်သူမျှ သိလျက်နှင့် ယစ်မျိုးလိုင်စင်မရှိသူကို ယစ်မျိုးလုပ်ငန်းတစ်မျိုးမျိုး လုပ်ကိုင်ရန်နေရာကို ငှားရမ်းခြင်း မပြုရ။

၆၇။ မည်သူမျှ မူလသတ္တိပျက်ပြီးအရက်ကို သောက်သုံးနိုင်သောအရက်ဖြစ်စေရန်-

(က) ပြုပြင်ပြောင်းလဲခြင်း မပြုရ။

( ခ ) ပြုပြင်ပြောင်းလဲပြီးသောအရည်ကို ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

( ဂ ) ပြုပြင်ပြောင်းလဲပြီးသောအရည်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၈။ မည်သူမျှ အောက်ဖော်ပြပါသူတစ်ဦးဦးကို အရက်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ-

(က) သာသနာ့ဝန်ထမ်း၊

( ခ ) စိတ်ပေါ့သွပ်သူ၊

( ဂ ) အသက် ၁၈ နှစ်မပြည့်သူ၊

(ဃ) နည်းဥပဒေဖြင့် သတ်မှတ်ထားသူ။

၆၉။ မည်သူမျှ အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို-

(က) အလိုအလျောက်အရောင်းစက်ဖြင့် ရောင်းချခြင်း မပြုရ။

( ခ ) သောက်သုံးမည့် အများပြည်သူထံ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း မပြုရ။

( ဂ ) ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ကြော်ငြာခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက်ဝေငှခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြော်ငြာခြင်း မပြုရ။

(ဃ) အရောင်းပမာဏမြင့်တက်စေရန် ပုံမှန်ဈေးနှုန်းအောက်လျှော့ချခြင်း၊ နမူနာပေးကမ်းခြင်း၊ ကံစမ်းမဲအစီအစဉ်ပြုလုပ်ခြင်း သို့မဟုတ် ဝယ်ယူမှုအပေါ် အပိုဆောင်း လက်ဆောင်ပေးကမ်းခြင်းဖြင့် ရောင်းချခြင်းမပြုရ။

၇၀။ ယစ်မျိုးလိုင်စင်ရရှိသူမှတစ်ပါး မည်သူမျှ ပုဒ်မ ၃၅ အရ သတ်မှတ်သောအရေအတွက်၊ ပမာဏထက် ပိုသောအရက်ကို လက်ဝယ်ထားခြင်း မပြုရ။

၇၁။ လိုင်စင်ရရှိသူမည်သူမျှ-

(က) မိမိအား ထုတ်ပေးထားသော ယစ်မျိုးလိုင်စင်ကို ဦးစီးဌာန၏ ခွင့်ပြုချက်မရဘဲ အခြားသူတစ်ဦးဦးထံ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းမပြုရ။

( ခ ) ယစ်မျိုးလိုင်စင်ပါ ခွင့်ပြုသောနေရာအပြင် အခြားနေရာ၌ ယစ်မျိုးလိုင်စင်ကို မိတ္တူပွား၍ အသုံးမပြုရ။

၇၂။ ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူ မည်သူမျှ အရက်ရောင်းချခြင်းပြုသည့်နေရာတွင် အမျိုးသမီးကို ခိုင်းစေခြင်း သို့မဟုတ် ခိုင်းစေခွင့်ပြုခြင်း မပြုရ။

**အခန်း (၁၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်**

၇၃။ မည်သူမဆို ပုဒ်မ ၅၆၊ ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၇၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို -

(က) ပုဒ်မ ၅၈ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (က)၊ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဂ)၊ (ဃ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၅၈ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၅၈ ပုဒ်မခွဲ (စ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( င ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဆ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (ဆ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( စ ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဇ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်ချမှတ်ရမည်။

၇၅။ မည်သူမဆို-

(က) ပုဒ်မ ၅၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၆၁ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ဂ ) ပုဒ်မ ၆၁ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ဂ)၊ (ဃ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၆၁ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ(ဃ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ(င) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( င ) ပုဒ်မ ၆၁ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(င)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ(င) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ(စ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( စ ) ပုဒ်မ ၆၁ ပုဒ်မခွဲ(င)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ(စ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ(ဆ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဆ) ပုဒ်မ ၆၁ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ(ဆ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ(ဇ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

စာမျက်နှာ ၁၁ သို့ ✣

✣ စာမျက်နှာ ၁၀ မှ

၇၆။ မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ ထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၇၇။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၇၈။ မည်သူမဆို -

(က) ပုဒ်မ ၆၇ ပုဒ်မခွဲ (က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံးကျပ်သိန်း ၁၅၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၆၇ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၆၇ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၆၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံးကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံးကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်ချမှတ်ရမည်။

၈၃။ (က) မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့် သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

( ခ ) မည်သည့်ယစ်မျိုးလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူမဆို ပုဒ်မ ၅၄ အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် လိုက်နာရမည့်အလားတူသတ်မှတ်ချက်ကို ထပ်မံပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၈၄။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ–

(က) ပြစ်မှုနှင့် သက်ဆိုင်သည့် အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုရမည်။

( ခ ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုရမည်။

( ဂ ) ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် တိရစ္ဆာန်၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**အခန်း(၁၈)**

**အထွေထွေ**

၈၅။ ဤဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို မသိလျှင်သော်လည်းကောင်း၊ ရှာဖွေမတွေ့လျှင်သော်လည်းကောင်း၊ ပိုင်ရှင်ဖြစ်ကြောင်း ခိုင်မာစွာ တင်ပြနိုင်ခြင်း မရှိလျှင်သော်လည်းကောင်း ခရိုင်ယစ်မျိုးအရာရှိသည် မြို့နယ်ယစ်မျိုးအရာရှိ၏ စစ်ဆေးတင်ပြချက်အပေါ် စိစစ်ပြီး ယင်းပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုရမည်။

၈၆။ တိုင်းရင်းသားများ၏ဓလေ့ထုံးတမ်း သို့မဟုတ် ရိုးရာပွဲတော်အတွက် ထန်းရည် သို့မဟုတ် တည်အရက်ကို သောက်သုံးရန်ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့်စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်ရယူခြင်းမှလည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် သယ်ယူပို့ဆောင်ခွင့်လက်မှတ်ရယူခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ရှိသည်။

၈၇။ ထုတ်လုပ်ခြင်းဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိစက်ရုံမှ ထုတ်လုပ်သောအရက်ပြင်းကို၊ သောက်သုံးရန်မဟုတ်သည့်အခြားကိစ္စတစ်ရပ်ရပ်အတွက် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်လိုပါက ပုဒ်မ ၁၀ ပါ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ကို လျှောက်ထားရမည်။

၈၈။ ယစ်မျိုးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင် သို့မဟုတ် ပိတ်သိမ်းခြင်းခံရလျှင် ယစ်မျိုးလိုင်စင်ရရှိထားသူသည် ယစ်မျိုးလိုင်စင်ကြေး၊ လျော်ကြေး သို့မဟုတ် နစ်နာကြေးကိုဖြစ်စေ၊ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင် သို့မဟုတ် ပိတ်သိမ်းခြင်းခံရလျှင် ခွင့်ပြုမိန့်ရရှိထားသူသည် အာမခံကြေး သို့မဟုတ် အခကြေးငွေကိုဖြစ်စေ တောင်းခံပိုင်ခွင့် မရှိစေရ။

၈၉။ ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည်–

(က) အများပြည်သူနှင့်သက်ဆိုင်သောနေရာတစ်ခုခုတွင် ပုဒ်မ ၉၃ ပါပြစ်မှုများမှတစ်ပါး ဤဥပဒေပါ အခြားပြစ်မှုတစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိလျှင် ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့် သက်ဆိုင်သည့်အရက်နှင့် ပစ္စည်းကိရိယာတို့ကို သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က)အရ ဖမ်းဆီးခြင်း၊ ရှာဖွေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

၉၀။ အများပြည်သူနှင့်သက်ဆိုင်ခြင်း မရှိသောနေရာတစ်ခုခုတွင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖောက်ဖျက်ကျူးလွန်ကြောင်း ယုံကြည်လောက်သည့်သတင်းရရှိလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင်–

(က) ယစ်မျိုးအရာရှိအဆင့်ဆင့်သည်–

(၁) သက်ဆိုင်ရာနယ်မြေအတွင်း မိမိကိုယ်တိုင် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်း သိမ်းဆည်းခြင်း ပြုနိုင်သည်။

(၂) ပုဒ်မခွဲငယ်(၁) အရ ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူနိုင်သည်။

( ခ ) မြို့နယ်ယစ်မျိုးအရာရှိ သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ ဖမ်းဆီးစေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းစေခြင်းပြုနိုင်သည်။

၉၁။ ဦးစီးဌာနသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ယစ်မျိုးလိုင်စင်ရရှိသူကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် အမည်ပျက်စာရင်းထည့်သွင်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းမှ ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၉၂။ ဤဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မ ၇၄ ပုဒ်မခွဲ (က)၊ (ဂ)၊ (ဃ) နှင့် (င)၊ ပုဒ်မ ၇၅ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ (င) နှင့် (စ)၊ ပုဒ်မ ၇၈၊ ပုဒ်မ ၈၀ နှင့် ပုဒ်မ ၈၁ တို့ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၃။ ဤဥပဒေပုဒ်မ ၇၄ ပုဒ်မခွဲ(ခ)၊ (စ)၊ ပုဒ်မ ၇၅ ပုဒ်မခွဲ (ဂ)၊ (ဆ)၊ ပုဒ်မ ၇၆၊ ပုဒ်မ ၇၇၊ ပုဒ်မ ၇၉၊ ပုဒ်မ ၈၂ သို့မဟုတ် ပုဒ်မ ၈၃ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ခရိုင်ယစ်မျိုးအရာရှိကဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော ဦးစီးဌာနရှိ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စာဖြင့်ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ခြင်း မပြုရ။

၉၄။ The Myanmar Excise Act အရ ထုတ်ပေးထားသည့် ယစ်မျိုးလိုင်စင်နှင့် ခွင့်ပြုချက်များသည် ယင်းသက်တမ်းကုန်ဆုံးသည့်ရက်အထိ အတည်ဖြစ်သည်။

၉၅။ သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိနှင့် မြို့နယ်ယစ်မျိုးအရာရှိတို့သည်–

(က) ယစ်မျိုးလိုင်စင်ကြေး သို့မဟုတ် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

( ခ ) ပုဒ်မခွဲ(က)အရ ကောက်ခံသည့် ယစ်မျိုးလိုင်စင်ကြေး သို့မဟုတ် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးကို ပေးဆောင်ရန်ပျက်ကွက်လျှင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၉၆။ The Myanmar Excise Act အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ အမိန့်ဆင့်ဆိုချက်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၇။ ယစ်မျိုးအရာရှိတစ်ဦးဦးကို ဤဥပဒေအရဖြစ်စေ၊ ယစ်မျိုးခွန်နှင့်စပ်လျဉ်းသည့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်မှု သို့မဟုတ် သဘောရိုးဖြင့် အမိန့်ထုတ်ပြန်မှုတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးရခြင်းအတွက် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ )ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၉။ The Myanmar Excise Act (Myanmar Act V, 1917)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

☆ MFF ဖူဆယ်လိဂ်-၂ မှ

7 Brother အသင်းက နိုင်ပွဲရယူပြီး လိဂ်-၁ သို့ တန်းတက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် ၂၁ တွင် 7 Brother အသင်းက 7 Dragon အသင်းကို ငါးဂိုး-တစ်ဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက JZ Yangon အသင်းကို ခြောက်ဂိုး-လေးဂိုး၊ YRG Academy အသင်းက Kyaung Sayar Tharhtwe အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ Black Cross အသင်းက KKY အသင်းကို ရှစ်ဂိုး-ခုနစ်ဂိုး၊ Galaxy အသင်းက AC Milksteak အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး Maryar Noka အသင်းနှင့် ULAD အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် ၂၁ အပြီးတွင် Galaxy အသင်းက ၅၈ မှတ်ဖြင့် ချန်ပီယံ၊ 7 Brother အသင်းက ၄၉ မှတ်ဖြင့် ဒုတိယရခဲ့ပြီး ယင်းနှစ်သင်းနောက်တွင် ULAD အသင်းက ၄၃ မှတ်၊ Maryar Noka အသင်းက ၄၂ မှတ်၊ YRG Academy အသင်းက ရမှတ် ၄၀၊ 7 Dragon အသင်းက ၃၂ မှတ်၊ KKY အသင်းက ၂၉ မှတ်၊ Kyaung Sayar Tharhtwe အသင်းက ရမှတ် ၂၀၊ JZ Yangon အသင်းက ၁၈ မှတ်၊ AC Milksteak အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းက ၁၃ မှတ်စီ၊ Black Cross အသင်းက ကိုးမှတ် ရရှိထားသည်။

ပြိုင်ပွဲနောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် ၂၂ ကို မတ် ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-မောင်စံကြီး
ဓာတ်ပုံ-MFF

## မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၄ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မျိုးစေ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ နှင့် ၂၉ တို့တွင်ပါရှိသော "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ကို "ကျပ်သိန်းသုံးဆယ်"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၅ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြေသြဇာဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်သိန်း ၃၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြေသြဇာဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော "ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် ၁၅ သိန်းအထိဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ



## မြောင်းမြမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

မြောင်းမြ မတ် ၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၂ ဒသမ ၅၀၀သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ပဆင - သိလ္လာချောင်းဖျား ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်နှင့် လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်တို့က လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းက လမ်းဖွင့်ပွဲ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၇ လက်မရှိပြီး ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၉၄၅ အိမ်ရှိ လူဦးရေ ၅၉၈၇ ဦးအား အကျိုးပြုသောလမ်းဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

## (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၇

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ အရာရှိ၊ စစ်သည် ၈၄ ဦး ဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ အရာရှိ၊ စစ်သည် ၇၂ ဦး ဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အားကစားခန်းမ၌ အရာရှိ၊ စစ်သည် ၁၉၅ ဦး ဖြင့်လည်းကောင်းပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ပန်းဘဲတန်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ပန်းဘဲတန်းမြို့နယ်၌ ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာ၍ ပန်းဘဲတန်းမြို့နယ်အတွင်းသို့ ရောက်ရှိလာသူများအား အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ တို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်နှင့် တာဝန်ရှိသူများက ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာ၍ပန်းဘဲတန်းမြို့နယ်အတွင်းသို့ ရောက်ရှိလာပြည်သူများအား အောက်တိုဘာလ၊ နိုဝင်ဘာလနှင့်



ဒီဇင်ဘာလတို့အတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် ကျပ် ၆၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၇၂ ဦးတို့အား စုစုပေါင်း ကျပ် ၄၃၂၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ **အာဆင်နယ်အသင်းမှ**

အဲဒီပွဲစဉ်မှာ မန်စဖီးလ်တောင်းအသင်းက ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ မှာ အီဗန်ရဲ့သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့ပေမယ့် အာဆင်နယ်အသင်းက ၆၆ မိနစ်မှာ အက်ဇီရဲ့သွင်းဂိုးထပ်မံရရှိခဲ့လို့ မန်စဖီးလ်တောင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရာစုနှစ်ဝက်ကာလအတွင်း အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ကို ပထမဆုံးအကြိမ်တက်လှမ်းခဲ့တဲ့ မန်စဖီးလ်တောင်းအသင်းဟာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ မန်စဖီးလ်တောင်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကာ လက်ရှိအချိန်အထိ တစ်ရာသီအတွင်း ဖလားလေးလုံး ရရှိမယ့်လမ်းကြောင်းပေါ်မှာပဲ ရှိနေဆဲဖြစ်ပါတယ်။

ငွေကြယ်

# ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားအဖွဲ့များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်



နေပြည်တော် မတ် ၇

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားအဖွဲ့များအား ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က စေတနာရှင် လုပ်ငန်းရှင်များက မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ချီးမြှင့်ထောက်ပံ့ပေးခဲ့ခြင်းသည် နောင်မျိုးဆက်သစ်အားကစားသမားများအတွက် အတုယူလေးစားအားကျဖွယ်ရာဖြစ်၍ အားကစားသမားများ ကာယခွန်အားများသာမက စိတ်ခွန်အားကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေသူများ၊ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မြန်မာ့အားကစားကို ချစ်မြတ်နိုးစိတ်များဖြင့် အဘက်ဘက်မှ ထောက်ပံ့လှူဒါန်းပေးခဲ့ကြသည့် လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များအား မိမိတို့ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အလှူရှင်များအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မြန်မာ့အားကစားလောက ပြန်လည်ဦးမော့လာစေရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံဖြင့် ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာအားကစားအဖွဲ့များအတွက် ထိုင်းဘတ်ငွေ ၃၅ ဒသမ ၅ သိန်း ပံ့ပိုးလှူဒါန်းပေးခဲ့သည့် ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်း၊ ထိုင်းဘတ်ငွေ တစ်သိန်း ပံ့ပိုးလှူဒါန်းပေးခဲ့သည့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ မြန်မာငွေကျပ်သိန်း ၁၀၀၀ စီ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သန်လျင်ဧရာကုမ္ပဏီလီမိတက်တို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက မြန်မာငွေကျပ် သိန်း ၅၀၀ စီ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Myanmar Oasis Manufacting Co.,Ltd၊ Shining Myanmar Co.,Ltd၊ မြန်မာငွေကျပ် သိန်း ၄၀၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Reva Co.,Ltd နှင့် မြန်မာငွေကျပ် သိန်း ၃၀၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မြန်မာငွေကျပ် သိန်း ၃၀၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် မြတ်ရွှေဉာဏ်ကုမ္ပဏီလီမိတက်၊ မြန်မာငွေကျပ် သိန်း ၁၅၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Mizzima Star Co.,Ltd ၊ မြန်မာငွေကျပ် သိန်း ၁၀၀ စီ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူက မြန်မာငွေကျပ်သိန်း ၁၀၀ စီနှင့် သိန်း ၅၀ တို့ကို ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Design Mandalay Co.,Ltd၊ Gread Zawgi Co.,Ltd နှင့် ရွှေရောမင်းကုမ္ပဏီလီမိတက်တို့ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာငွေကျပ် သိန်း ၅၀ စီနှင့် ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းပေးခဲ့သည့် ပြည်သစ်စံကုမ္ပဏီလီမိတက်၊ လင်းမြတ်နိုင်ကုမ္ပဏီလီမိတက်နှင့် Aung Gyi Mg Co.,Ltd တို့ကိုလည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းပေးခဲ့သည့် Royal Ayar Co., Ltd နှင့် QC(Zay Min) Co.,Ltd တို့ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားအဖွဲ့များအတွက် စေတနာရှင်အလှူရှင်များက စုစုပေါင်း ထိုင်းဘတ်ငွေ ၃၆ ဒသမ ၅ သိန်းနှင့် မြန်မာငွေကျပ် သိန်း ၄၇၃၀ ပေးအပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ (၂၀၂၆) ကျင်းပ



ရန်ကုန် မတ် ၇

မြန်မာ အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ အင်ဂျင်နီယာများအဖွဲ့နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ (၂၀၂၆) နှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် Function Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ သဘာပတိ ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးခိုင်က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်စိန်က လည်းကောင်း၊ စာရင်းစစ်ဆေးခြင်း အစီရင်ခံစာကို စာရင်းစစ် ဦးမင်းစိုးက လည်းကောင်း တင်သွင်းကြရာ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့ သဘာပတိက ညီလာခံတက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

မွန်းလွဲပိုင်းတွင် (၂၀၂၆-၂၀၂၇) ခုနှစ် အမှုဆောင်သစ် သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ရွေးချယ်တင်မြှောက်ခံရသည့် ဗဟိုကော်မတီဝင်များက ကတိသစ္စာခံယူခဲ့ကြသည်။

အဆိုပါ အမှုဆောင်သစ်ရွေးချယ်ခြင်းကို (၂)နှစ် တစ်ကြိမ်ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ ခက်ဖြာတစ်ခုဖြစ်သော မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံ အင်ဂျင်နီယာများအဖွဲ့ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်အသင်းသား ၁၂၀၀ ကျော် ရှိကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားပါးသည့်ဒေသများအတွင်း ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားပါးသည့်နေရာဒေသများ၌ ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်ဇောက်ကျေးရွာအနီး ရေးဟောင်းတမုတ်ရှင်ပင် ရွှေဂူကြီးဘုရားအတွင်းရှိ တမုတ်ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လေးလက်မစက်ရေတွင်း (တွင်းနက်) တစ်တွင်း တူးဖော်ခြင်း၊ ဆိုလာရေတင်စနစ်တပ်ဆင်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် အဆိုပါရေရရှိရေးလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်မှုကြောင့် တမုတ်ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် သံဃာတော်များ၊ လာရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၊ ယောဂီအဘိုးအဘွားများနှင့် ရပ်ကွက်နေ ပြည်သူများအနေဖြင့် ယခင်က ပြင်ပမှ သောက်သုံးရေဝယ်ယူအသုံးပြုရသည့် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရရှိအသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများသည် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**



# သာစည်မြို့လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်

သာစည် မတ် ၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယမန်နေ့က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ သင်တန်းများတွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ဆရာ ဦးမြတ်ကို (ကာတွန်းလူမင်းအောင်)က လည်းကောင်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းကို အထက်တန်းအင်္ဂလိပ်စာပြ ဆရာမ ဒေါ်နန်းအေးစန္ဒာမိုးတို့က အခမဲ့သင်ကြားပေးလျက်ရှိပြီး သင်တန်းများသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိသည်။ သင်တန်းများကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ၉ နာရီခွဲအထိ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် နံနက် ၉ နာရီခွဲမှ ၁၁ နာရီ အထိ အင်္ဂလိပ်စာအခြေခံသင်တန်းတို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံ့အရေးဆောင်ရွက်မည့် နိုင်ငံရေးသမားများဖြစ်ရန်လိုသည်

ကေတုမတီ သောင်းအေး

ဒီမိုကရေစီအခြေခံထားသော လူ့အဖွဲ့အစည်းတိုင်းတွင် နိုင်ငံရေးသမား၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ နိုင်ငံရေးသမားများသည် ပြည်သူများကိုကိုယ်စားပြု၍ နိုင်ငံ၏ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံရေးသမားကောင်းသည် ရွေးကောက်ပွဲများတွင်အနိုင်ရရှိခြင်းတို့ထက် ပိုမိုကျယ်ပြန့်သော အရည်အချင်းများရှိရပါမည်။ ထိုအရည်အချင်းများတွင် ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးလိုမှု၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသည့် လူသားအခွင့်အရေးအပေါ် လေးစားမှုတို့ပါဝင်ပါသည်။

ရှေးဂရိတွေးခေါ်ပညာရှင် အရစ္စတိုတယ်က **နိုင်ငံရေးဆိုသည်မှာ** "လူသားများသည် လုံခြုံစိတ်ချစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံကိုတည်ထောင်ကြသော်လည်း နိုင်ငံတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကောင်းမွန်သောဘဝ ရရှိရန်ဖြစ်သည်" (Men form states to secure a bare subsistence; but the ultimate object of the state is the good life)ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ဒေးဗစ်အစ်စတန်(David Easton)က နိုင်ငံရေးကို လူ့အဖွဲ့အစည်းတစ်ခုအတွက် တန်ဖိုးများကို အခွင့်အာဏာဖြင့် ခွဲဝေဆုံးဖြတ်ခြင်း(the authoritative allocation of values for a society)ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

> နိုင်ငံရေးသည် မတူညီသည့်နိုင်ငံရေးအမြင်၊ မတူညီသည့်သဘောထားရှိသူများက နိုင်ငံတည်ဆောက်ရေးအတွက် အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး အကောင်းဆုံးများကိုရွေးချယ်ကာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ နိုင်ငံရေးသည် မိမိနှင့်အမြင်မတူ၊ သဘောထားမတူသူများကို ဆန့်ကျင်ရသည့်ပုံစံမျိုးမဟုတ်ဘဲ မတူညီသောအရာများထဲမှ နိုင်ငံအတွက် အကောင်းဆုံးအခြေအနေများကို ရွေးချယ်ကာ နိုင်ငံကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ရပါသည်။ မိမိပြိုင်ဘက်က ပြောဆိုသမျှကို ကန့်ကွက်ခြင်းမျိုးသည် မဖြစ်သင့်ဘဲ နိုင်ငံတော်အတွက် ကောင်းမွန်သောပြောဆိုချက်၊ လုပ်ကိုင်ဆောင်ရွက်ချက်များဖြစ်ပါက လက်ခံပေးရမည်ဖြစ်သည်။ နိုင်ငံရေးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ချစ်ခြင်း၊ မုန်းခြင်းကင်း၍ နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်သင့်သည်များကို ပြတ်သားစွာဆောင်ရွက်ရန်လို

နိုင်ငံရေးကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသော်လည်း နိုင်ငံရေး၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်တည်ဆောက်ရေးသာဖြစ်ပါသည်။ နိုင်ငံရေးသည် မတူညီသည့်နိုင်ငံရေးအမြင်၊ မတူညီသည့်သဘောထားရှိသူများက နိုင်ငံတည်ဆောက်ရေးအတွက် အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး အကောင်းဆုံးများကို ရွေးချယ်ကာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ နိုင်ငံရေးသည် မိမိနှင့်အမြင်မတူ၊ သဘောထားမတူသူများကို ဆန့်ကျင်ရသည့်ပုံစံမျိုးမဟုတ်ဘဲ မတူညီသောအရာများထဲမှ နိုင်ငံအတွက် အကောင်းဆုံးအခြေအနေများကို ရွေးချယ်ကာ နိုင်ငံကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ရပါသည်။ မိမိပြိုင်ဘက်က ပြောဆိုသမျှကို ကန့်ကွက်ခြင်းမျိုးသည် မဖြစ်သင့်ဘဲ နိုင်ငံတော်အတွက်ကောင်းမွန်သော ပြောဆိုချက်၊ လုပ်ကိုင်ဆောင်ရွက်ချက်များဖြစ်ပါက လက်ခံပေးရမည်ဖြစ်သည်။ နိုင်ငံရေးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ချစ်ခြင်း၊ မုန်းခြင်းကင်း၍ နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်သင့်သည်များကို ပြတ်သားစွာဆောင်ရွက်ရန်လိုပါသည်။

## တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံကောင်းကျိုးအတွက်အလုပ်လုပ်ရန်

နိုင်ငံ့အရေးဆိုသည်မှာ "နိုင်ငံအတွင်း မှီတင်းနေထိုင်သော ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ"ကို ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို ရေရှည်အကျိုးရှိအောင် ထိန်းသိမ်းရေးတို့လည်း နိုင်ငံ့အရေးတွင် အရေးပါသောအချက်များဖြစ်ပါသည်။ နိုင်ငံ့အရေးက အစိုးရတစ်ရပ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်း၏ ကိစ္စမဟုတ်ဘဲ "နိုင်ငံသားတိုင်း၏ ကံကြမ္မာကို ဆုံးဖြတ်ပေးနေသည့် ဘုံအရေးကိစ္စ"သာဖြစ်ပါသည်။ အချို့ရပ်ရှင်ရုံများ၌ နိုင်ငံတော်အလံကိုပင် အလေးမပြုကြသူများနှင့် နိုင်ငံတော်သီချင်းသီဆိုခြင်းမရှိကြသူများပင် ရှိကြသည်ဟု စိတ်မကောင်းဖြစ်ဖွယ် သိရှိရပါသည်။ နိုင်ငံသားများအနေဖြင့် လူပုဂ္ဂိုလ်ကိုအစွဲပြု၍ ချစ်ခြင်းထက် မှန်ကန်သော တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံအပေါ် စောင့်ထိန်းရမည့် တာဝန်များကိုစောင့်ထိန်းပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများကလည်း ပါတီနိုင်ငံရေးလုပ်၍ မရသော်လည်း နိုင်ငံ့အရေးတွင် အားလုံးတာဝန်ရှိကြသည်သာဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နယ်မြေများတွင် မဲပေးပိုင်ခွင့်ရှိသူ ၃၄ သန်းကျော်အနက် မဲလာရောက်ပေးသူ ၁၃ ဒသမ ၁၄ သန်းခန့်ရှိပါသည်။ မဲပေးသည့် ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ရွေးကောက်ခံရသူများအနေဖြင့် ဒီမိုကရေစီကိုလိုလားသူပြည်သူများက မဲပေးရွေးချယ်ထားခြင်းဖြစ်သောကြောင့် တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံကောင်းကျိုးအတွက် အလုပ်လုပ်ရန်လိုအပ်ပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား အမှာစကားပြောကြားရာတွင် **"နိုင်ငံ့အရေးနှင့်ပတ်သက်၍** မိမိတို့နိုင်ငံဖြတ်သန်းခဲ့သည့် သမိုင်းကြောင်းအရ နိုင်ငံသားအားလုံး တိုင်းချစ်ပြည်ချစ်စိတ်ရှိရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် လူပုဂ္ဂိုလ်စွဲရှိကြသည်ကိုလည်း တွေ့ရကြောင်း၊ လူပုဂ္ဂိုလ်ကိုအစွဲပြု၍ တိုင်းချစ်ပြည်ချစ်စိတ်ရှိခြင်းထက် နိုင်ငံအပေါ်အစွဲပြု၍ နိုင်ငံသားတိုင်း မှန်မှန်ကန်ကန် တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး **နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ခွဲခြားစွာသိမြင်ကာ** နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

## နိုင်ငံရေးကောင်းမွန်ပါက ငြိမ်းချမ်းရေးကိုလည်းအထောက်အပံ့ပြု

နိုင်ငံရေးကောင်းမွန်ပါက တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုအားကောင်းလာပြီး ငြိမ်းချမ်းရေးကိုလည်း အထောက်အပံ့ပြုထိန်းသိမ်းနိုင်ပါသည်။ နိုင်ငံရေးမကောင်းပါက အခွင့်အာဏာကို ကိုယ်ကျိုးအတွက် မတရားသဖြင့်အသုံးချမှုများ၊ အဂတိလိုက်စားမှုများနှင့် မညီမျှမှုများဖြစ်ပေါ်လာကာ ပြည်သူ့ယုံကြည်မှုပျက်စီးသွားနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံရေးကောင်းမွန်ခြင်းသည် အာဏာရသူများအတွက်မဟုတ်ဘဲ ပြည်သူ့လူမှုစီးပွားဘဝမြှင့်တင်ရန်နှင့် နိုင်ငံ၏ အနာဂတ်ကို တည်တံ့ခိုင်မြဲစေရန်အတွက် အလွန်အရေးပါသည်ကို တွေ့ရပါသည်။

> မိမိနိုင်ငံရေးပါတီ၏ အကျိုးစီးပွားကိုသာ ဦးစားပေးခြင်း၊ နိုင်ငံတော်၏အကျိုးကို ဦးစားပေးမှုမရှိခြင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မမှန်ကန်သည့် မဲဆွယ်စည်းရုံးမှုများပြုလုပ်ခြင်းများနှင့် ပါတီ၏အကျိုးစီးပွားကိုသာ အဓိကထားပါက နိုင်ငံ၏အမျိုးသားညီညွတ်မှုကို ပျက်စီးစေနိုင်ပါသည်။ နိုင်ငံရေးသမားများသည် ပါတီ၏အကျိုးစီးပွားကိုသာမက နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုလည်း အစွမ်းကုန်ဆောင်ရွက်ရန်လိုပါသည်။ နိုင်ငံကောင်းအောင်လုပ်ပါက ကျွဲကူးရေပါဆိုသကဲ့သို့ သက်ဆိုင်ရာပါတီ၏ပုံရိပ်လည်း ကောင်းလာမည်ဖြစ်ပါသည်။ ရွေးကောက်ခံနိုင်ငံရေးသမားများသည် ပြည်သူ့အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ပေးပါက ပါတီ၏ပုံရိပ်လည်း အလိုလိုတက်လာပြီး အလုပ်နှင့်စည်းရုံးပြီးသားဖြစ်သွားမည်

နိုင်ငံရေးကောင်းမွန်ရန်အတွက် ပြည်သူတစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိတတ်မှု၊ နိုင်ငံရေးခေါင်းဆောင်များ၏ ကိုယ်ကျင့်တရားနှင့် စနစ်တကျစီမံအုပ်ချုပ်နိုင်မှုတို့ အားလုံးပေါင်းစပ်ရန် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် နိုင်ငံရေးအသိပညာရှိအောင် လေ့လာခြင်း၊ သတင်းအချက်အလက်များကို မှန်၊ မမှန်စဉ်းစားချင့်ချိန်သုံးသပ်ပြီး အကြမ်းမဖက်သောနည်းလမ်းဖြင့် မိမိအမြင်ကို ဥပဒေနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ခြင်းတို့ ပြုလုပ်သင့်ပါသည်။ နိုင်ငံရေးခေါင်းဆောင်များကလည်း မိမိကိုယ်ကျိုးထက် ပြည်သူ့အကျိုးကို ဦးစားပေးကာ ဥပဒေအပေါ် လေးစားလိုက်နာခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်းနှင့် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုကိုအခြေခံ၍ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ဒီမိုကရေစီယဉ်ကျေးမှုကို တည်ဆောက်နိုင်မှသာ ကောင်းမွန်သောနိုင်ငံရေးစနစ်တစ်ရပ်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

## သဘာဝအရင်းအမြစ်များကိုလည်း ရေရှည်အကျိုးရှိအောင် ထိန်းသိမ်းစီမံနိုင်

နိုင်ငံ့အရေးကောင်းမွန်ပါက လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး နိုင်ငံ၏ သဘာဝအရင်းအမြစ်များကိုလည်း ရေရှည်အကျိုးရှိအောင် ထိန်းသိမ်းစီမံနိုင်ပါသည်။ နိုင်ငံ့အရေးမကောင်းပါက ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးစနစ်များ အားနည်းလာပြီး လူတန်းစားမညီမျှမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုအခြေအနေများက တစ်ဆင့် လူမှုစီးပွားချို့တဲ့ခြင်း၊ ကျန်းမာရေးအားနည်းခြင်းများနှင့်အတူ မတည်ငြိမ်မှုများကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံ့အရေးကောင်းမွန်ခြင်းသည် လက်ရှိမျိုးဆက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံကို အမွေချန်ထားပေးနိုင်ရန် အရေးပါသော အခြေခံအချက်တစ်ရပ်ဖြစ်ပါသည်။

နိုင်ငံ့အရေး ကောင်းမွန်စေရန်အတွက် အရေးအကြီးဆုံးမှာ တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေပြု၍ ပြည်သူ့အကျိုးကိုရှေးရှုသည့် စနစ်မှန်ဖြင့် တိုင်းပြည်ကိုဦးဆောင်သည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများနှင့် အသိပညာနှင့်ပြည့်စုံသည့် နိုင်ငံသားတို့ ပေါင်းစပ်ရန်လိုအပ်ပါသည်။ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးတို့သာမက ပညာရေးနှင့် ကျန်းမာရေးစနစ်များကို အရည်အသွေးပြည့်မီအောင် ဖော်ဆောင်ခြင်းကလည်း လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးကာ နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါသည်။ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် သဘာဝအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်းတို့က နိုင်ငံ့အကျိုးစီးပွားကို တည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံ၏ အနာဂတ်အတွက် အကျိုးဖြစ်ထွန်းသောလမ်းကြောင်းသို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

မိမိနိုင်ငံရေးပါတီ၏ အကျိုးစီးပွားကိုသာ ဦးစားပေးခြင်း၊ နိုင်ငံတော်၏အကျိုးကို ဦးစားပေးမှုမရှိခြင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မမှန်ကန်သည့် စာမျက်နှာ ၁၅ သို့ ❐







# မူဆယ်မြို့၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ ဆရာတော်ကြီးအား ကြိုဆိုဂုဏ်ပြုပူဇော်

မူဆယ် မတ် ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မူဆယ်မြို့ ရွှေသမင်ပရိယတ္တိစာသင်တိုက် သာရိပုတ္တာကောလိပ်၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စာချဘွဲ့ (ပထမအဆင့်)နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်းသော သာသနာရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်)ရရှိသည့် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဇေယျာသုခစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဦးစီးပဓာနနာယကချုပ် ကျောင်းအုပ်ဆရာတော် ရွှေသမင်စာသင်တိုက်နှင့် သာရိပုတ္တာကောလိပ် ဩဝါဒစရိယ ဒေါက်တာဘဒ္ဒန္တဝိနယာစာရ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ဂုဏ်ထူးဆောင် (၁၀)ဘွဲ့ရ ဆရာတော်ကြီးအား လွယ်တိန်ခမ်း ဘုရားကျောင်းမှ ရွှေသမင်ပရိယတ္တိစာသင်တိုက်သို့ နံနက်ပိုင်းတွင် ကြိုဆိုဂုဏ်ပြုပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ဘွဲ့တော်များအား ထပ်ဆင့်ကပ်လှူပူဇော်ပွဲကို မွန်းလွဲ ၁ နာရီတွင် နမောတဿသုံးကြိမ် ရွတ်ဆိုပူဇော်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်များနှင့် ဝတ္ထုငွေများကို မူဆယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် တာဝန်ရှိသူများက ထပ်ဆင့်ဆက်ကပ်ပူဇော်ကြပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်က ဩဝါဒမိန့်ကြားကာ လှူဖွယ်ဝတ္ထုအစုစုကို ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် ကြွရောက်လာသော ဆရာတော်ကြီးများက



ဦးဆောင်၍ အခမ်းအနားတက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ ( မူဆယ် )



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့စက်မှုဇုန်ရှိ စက်ရုံ/ အလုပ်ရုံများ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို မတ် ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးနှင့် တပ်ဖွဲ့ဝင်များက အမှတ် (၅၉+၆၀)နှင့်အမှတ် (၅၊ ၆၊ ၃၁၊ ၃၂)ရှိ General Enterprises Garment စက်ရုံများတွင် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု၊ အထည်လိပ်များ၊ ကုန်ကြမ်း/ ကုန်ချောများ သိုလှောင်ထားရှိမှု၊ စက်ရုံအတွင်း လေဝင်/ လေထွက် ကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ မီးပူခန်းအတွင်း မီးပူအသုံးပြုခြင်းတို့ကို စစ်ဆေးစဉ်။

အေးမဥ္ဇူ

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြသ

ရန်ကုန် မတ် ၇

လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အတွင်းရှိ စက်မှုဇုန်များတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရန် မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ရွှေလင်ဗန်းစက်မှုဇုန် ကော်မတီရုံး ကနောင်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက စက်မှုဇုန်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို ပညာပေး ပြောကြားသည်။

ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဦး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးရန်နိုင်ဖြိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်မှုဇုန်သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြခြင်း ဆောင်ရွက်ကြသည်။ **မြို့နယ် (ပြန် / ဆက်)**



❒ စာမျက်နှာ ၁၄ မှ

မဲဆွယ်စည်းရုံးမှုများပြုလုပ်ခြင်းများနှင့် ပါတီ၏အကျိုးစီးပွားကိုသာ အဓိကထားပါက နိုင်ငံ၏အမျိုးသားညီညွတ်မှုကို ပျက်စီးစေနိုင်ပါသည်။ နိုင်ငံရေးသမားများသည် ပါတီ၏အကျိုးစီးပွားကိုသာမက နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုလည်း အစွမ်းကုန်ဆောင်ရွက်ရန်လိုပါသည်။ နိုင်ငံကောင်းအောင်လုပ်ပါက ကျွဲကူးရေပါဆိုသကဲ့သို့ သက်ဆိုင်ရာပါတီ၏ပုံရိပ်လည်း ကောင်းလာမည်ဖြစ်ပါသည်။ ရွေးကောက်ခံနိုင်ငံရေးသမားများသည် ပြည်သူ့အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးပါက ပါတီ၏ပုံရိပ်လည်း အလိုလိုတက်လာပြီး အလုပ်နှင့်စည်းရုံးပြီးသားဖြစ်သွားမည်ဖြစ်ပါသည်။

နိုင်ငံရေးသမားများအနေဖြင့် **အာဏာရရေး**ကိုသာ အဓိကထားကြိုးပမ်းလာပါက တိုင်းပြည်အတွက် ကောင်းကျိုးထက် ဆိုးကျိုးကပိုများလာနိုင်ပါသည်။ နိုင်ငံရေးအာဏာရရန်အတွက် မဲမသမာမှုကဲ့သို့သော မသင့်လျော်သော နည်းလမ်းများကိုအသုံးပြုခြင်း၊ လူပုဂ္ဂိုလ်ကိုအစွဲပြု၍ ပြည်သူ့စိတ်ကိုလှုံ့ဆော်ခြင်းနှင့် မမှန်ကန်၊ မလုပ်နိုင်သော ကတိများပေးခြင်းတို့သည် နိုင်ငံအတွက် မှန်ကန်သောလမ်းကြောင်းပေါ်ရောက်ရှိနိုင်သော နိုင်ငံရေးသမားများ၏အလုပ်မဟုတ်ဘဲ အာဏာရရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။

နိုင်ငံရေးအာဏာကိုအသုံးချ၍ **ပုဂ္ဂလိကကြီးပွားချမ်းသာရေး**ကိုသာ ရည်ရွယ်ဆောင်ရွက်ခြင်းသည် နိုင်ငံရေးအကျင့်ပျက်ခြစားမှုကိုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးအကျိုးအတွက် အဂတိလိုက်စားမှုများပြားလာပါက ပြည်သူ့ဘဏ္ဍာကိုဆုံးရှုံးစေပြီး ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကိုပါ ထိခိုက်စေပါသည်။ ထို့ကြောင့် နိုင်ငံရေးသမားများသည် မိမိအတွက် အခွင့်အရေးရမည်ဆိုပါက ဘနဖူးသိုက်တူးမည့်သူမျိုး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် စိတ်ထားရှိသူမျိုး မဖြစ်ရန်လိုအပ်ပါသည်။

နိုင်ငံ့အရေးဆောင်ရွက်ကြသည့် နိုင်ငံရေးသမားများသည် မိမိပါတီကောင်းစားရေးသက်သက်ကိုသာဆောင်ရွက်ခြင်း၊ မိမိအာဏာရရေးသာ ဦးတည်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ကြီးပွားချမ်းသာရေးအတွက် အကျိုးအမြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုဘဲ တိုင်းချစ်ပြည်ချစ်စိတ်ကိုအခြေခံ၍ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကိုဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံရေးစနစ်ကောင်းရှိနေသော်လည်း ထိုစနစ်ကို အသုံးချဆောင်ရွက်သူများတွင် ကိုယ်ကျင့်တရားကောင်းမွန်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးမှုတို့မရှိပါက နိုင်ငံရေးသည် အကျိုးမဖြစ်ထွန်းနိုင်ပါ။ နိုင်ငံရေးသမားကောင်းသည် ဥပဒေကို လေးစားလိုက်နာသူ၊ ပြည်သူ့အသံကို နားထောင်နိုင်သူ၊ ပြည်သူ့အကျိုးထမ်းရွက်သူ ဖြစ်ရပါမည်။

နိုင်ငံ့အရေးဆောင်ရွက်မည့် နိုင်ငံရေးသမားများသည် မတူညီသောအမြင်များကို ရန်သူအဖြစ်မမြင်ဘဲ နိုင်ငံ့အရေးကို အခြေခံထား၍ ဆွေးနွေးညှိနှိုင်းခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ရေးရှုဆောင်ရွက်ခြင်းတို့လုပ်ရန် လိုအပ်ပါသည်။ ထို့အပြင် မိမိပါတီကောင်းစားရေးအတွက်သာ ဆောင်ရွက်ခြင်း၊ မိမိနှင့်မိမိပါတီ အာဏာရရေးအတွက်သာ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကြီးပွားချမ်းသာရေးအတွက်သာ ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံ့အနာဂတ်ကို မြော်တွေးကာ ပြည်သူ့အကျိုးစီးပွားအတွက် အစဉ်တစိုက် နိုင်ငံ့အရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယနှစ် လူရည်ချွန်
ကျောင်းသား/ကျောင်းသူများ၏ အမည်စာရင်း ကြေညာခြင်း

| စဉ် | ဝန်ကြီးဌာန | တက္ကသိုလ် | ကျောင်းသား/သူ အမည် | အထူးပြု ဘာသာရပ် |
|---|---|---|---|---|
| ၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် | မောင်မင်းခန့်ကျော် | ရေကြောင်း အင်ဂျင်နီယာ |
| ၂ | နယ်စပ်ရေးရာဝန်ကြီးဌာန | ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း) | စောညီယံလင်းထူး | ပညာရေး |
| ၃ | နယ်စပ်ရေးရာဝန်ကြီးဌာန | ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) | မောင်စိုင်းခန့်မင်းထွဋ် | ဓာတုဗေဒ |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) | မမိုးသူဇာ | သမိုင်း |
| ၅ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) | မောင်ရဲရင့် | ပန်းချီ |
| ၆ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) | မနှင်းရွှေရည်ဝင်း | သဘင် |
| ၇ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် | မကြယ်စင်သွေး | စိုက်ပျိုးရေး |
| ၈ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) | မနှင်းရွှေရည်သန့် | တိရိစ္ဆာန်ဆေးပညာ |
| ၉ | သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန | သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်) | မောင်ကောင်းဇင်ဝင်း | စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ |
| ၁၀ | သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန | သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း) | မခိုင်မွန်ဇော် | ဈေးကွက်ဖော်ဆောင် ရေးနှင့် စီမံခန့်ခွဲမှုပညာ |
| ၁၁ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | သစ်တောနှင့် ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ် | မောင်ခန့်ဘိုဘိုထွန်း | သစ်တော |
| ၁၂ | ပညာရေးဝန်ကြီးဌာန | Naypyitaw State Academy | မမေမြတ်သူ | ဆေးပညာ |
| ၁၃ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်တက္ကသိုလ် | မောင်ခန့်ဇင်ဟိန်း | ပတ်ဝန်းကျင်နှင့် ရေပညာ |
| ၁၄ | ပညာရေးဝန်ကြီးဌာန | မန္တလေးတက္ကသိုလ် | မောင်ထူးနိုင်လင်း | နိုင်ငံတကာ ဆက်ဆံရေးပညာ |
| ၁၅ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်စီးပွားရေးတက္ကသိုလ် | မလင်းလင်းပြည့် | ဘောဂဗေဒ |
| ၁၆ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်ပညာရေးတက္ကသိုလ် | မောင်ဝေလင်းထွန်း | ပညာရေး |
| ၁၇ | ပညာရေးဝန်ကြီးဌာန | မော်လမြိုင်တက္ကသိုလ် | မောင်အံ့မော်ဦး | စီးပွားရေးပညာ |
| ၁၈ | ပညာရေးဝန်ကြီးဌာန | တောင်ကြီးတက္ကသိုလ် | မဆုရတီထွန်း | အင်္ဂလိပ်စာ |
| ၁၉ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းပညာရေးတက္ကသိုလ် | မောင်အောင်ခိုင်ဖြိုး | ပညာရေး |
| ၂၀ | ပညာရေးဝန်ကြီးဌာန | ဒဂုံတက္ကသိုလ် | မောင်အာကာဖြိုး | နိုင်ငံတကာ ဆက်ဆံရေးပညာ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | မကွေးတက္ကသိုလ် | မသက်ထားအိမ့် | အင်္ဂလိပ်စာ |
| ၂၂ | ပညာရေးဝန်ကြီးဌာန | ပုသိမ်တက္ကသိုလ် | မောင်ကောင်းဇင်ဟိန်း | အင်္ဂလိပ်စာ |
| ၂၃ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | မနှင်းနှင်းချော | တရုတ်ဘာသာ |
| ၂၄ | ပညာရေးဝန်ကြီးဌာန | စစ်တွေတက္ကသိုလ် | မောင်စောမောင်လတ် | ဓာတုဗေဒ |
| ၂၅ | ပညာရေးဝန်ကြီးဌာန | မုံရွာတက္ကသိုလ် | မနွေးနွေးဝတ်ရည် | အင်္ဂလိပ်စာ |
| ၂၆ | ပညာရေးဝန်ကြီးဌာန | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | မဇင်နွေးနွေးဟန် | စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကား |
| ၂၇ | ပညာရေးဝန်ကြီးဌာန | မြစ်ကြီးနားတက္ကသိုလ် | မဝေဝေလင်း | မြန်မာစာ |
| ၂၈ | ပညာရေးဝန်ကြီးဌာန | မုံရွာစီးပွားရေးတက္ကသိုလ် | မဖူးပွင့်စံ | ဘောဂဗေဒ |
| ၂၉ | ပညာရေးဝန်ကြီးဌာန | တောင်ငူတက္ကသိုလ် | မနှင်းဝတ်မှုံ | ဥပဒေပညာ |
| ၃၀ | ပညာရေးဝန်ကြီးဌာန | ပြည်တက္ကသိုလ် | မအေးအေးအောင် | ရူပဗေဒ |
| ၃၁ | ပညာရေးဝန်ကြီးဌာန | ထားဝယ်တက္ကသိုလ် | မောင်ဟိန်းထက်အောင် | ဓာတုဗေဒ |
| ၃၂ | ပညာရေးဝန်ကြီးဌာန | ရတနာပုံတက္ကသိုလ် | မောင်အောင်ပြည့်ဖြိုးကျော် | အင်္ဂလိပ်စာ |
| ၃၃ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | မကြည်ဖြူဦး | အင်္ဂလိပ်စာ |
| ၃၄ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာတက္ကသိုလ် | မယွန်းကလျာဇော် | အင်္ဂလိပ်စာ |
| ၃၅ | ပညာရေးဝန်ကြီးဌာန | ပခုက္ကူတက္ကသိုလ် | မခင်ညိမ်းဝေ | အင်္ဂလိပ်စာ |
| ၃၆ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | မောင်စိုးသီဟ | ဝါဏိဇ္ဇဗေဒ |
| ၃၇ | ပညာရေးဝန်ကြီးဌာန | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | မောင်ပိုင်သုခန့် | ဘူမိဗေဒ |
| ၃၈ | ပညာရေးဝန်ကြီးဌာန | ကျောက်ဆည်တက္ကသိုလ် | မလမင်းအိန္ဒြေ | မြန်မာစာ |
| ၃၉ | ပညာရေးဝန်ကြီးဌာန | ဟင်္သာတတက္ကသိုလ် | မလမင်းဖြူ | ဓာတုဗေဒ |
| ၄၀ | ပညာရေးဝန်ကြီးဌာန | မအူပင်တက္ကသိုလ် | မငွေငွေဝင်း | ရုက္ခဗေဒ |
| ၄၁ | ပညာရေးဝန်ကြီးဌာန | ပင်လုံတက္ကသိုလ် | မယဉ်သွယ်အောင် | ရုက္ခဗေဒ |
| ၄၂ | ပညာရေးဝန်ကြီးဌာန | ဘားအံတက္ကသိုလ် | မောင်ခန့်ကိုအောင် | အင်္ဂလိပ်စာ |
| ၄၃ | ပညာရေးဝန်ကြီးဌာန | ကလေးတက္ကသိုလ် | မနှင်းဝင့်သူ | ဥပဒေပညာ |
| ၄၄ | ပညာရေးဝန်ကြီးဌာန | မြိတ်တက္ကသိုလ် | မမေဇူလိုင် | သင်္ချာ |
| ၄၅ | ပညာရေးဝန်ကြီးဌာန | ကျိုင်းတုံတက္ကသိုလ် | နန်းလောင်ဝ်ရှဲန် | ဥပဒေပညာ |
| ၄၆ | ပညာရေးဝန်ကြီးဌာန | ပဲခူးတက္ကသိုလ် | မနှင်းဝတ်ရည်ဦး | ခရီးသွားလုပ်ငန်းပညာ |
| ၄၇ | ပညာရေးဝန်ကြီးဌာန | ရွှေဘိုတက္ကသိုလ် | မခိုင်စုဝေ | အင်္ဂလိပ်စာ |
| ၄၈ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းတက္ကသိုလ် | မမေကျော့ရှင်း | အင်္ဂလိပ်စာ |
| ၄၉ | ပညာရေးဝန်ကြီးဌာန | ရေနံချောင်းတက္ကသိုလ် | မခင်မာချို | သင်္ချာ |
| ၅၀ | ပညာရေးဝန်ကြီးဌာန | မြင်းခြံတက္ကသိုလ် | မောင်အောင်နိုင်ထွန်း | သတ္တဗေဒ |
| ၅၁ | ပညာရေးဝန်ကြီးဌာန | မိုးညှင်းတက္ကသိုလ် | မရွှေမိုးမြင့်မြတ်သူ | သင်္ချာ |
| ၅၂ | ပညာရေးဝန်ကြီးဌာန | မန္တလာတက္ကသိုလ် | မကြယ်စင်ပုလဲ | ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ |
| ၅၃ | ပညာရေးဝန်ကြီးဌာန | ဟားခါးတက္ကသိုလ် | မကိမ်ဆန်တျန်း | သတ္တဗေဒ |
| ၅၄ | ပညာရေးဝန်ကြီးဌာန | ဟုမ္မလင်းဒီဂရီကောလိပ် | မခင်သက်မိုး | ရူပဗေဒ |
| ၅၅ | ပညာရေးဝန်ကြီးဌာန | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | မောင်ဟန်ထွန်း | စီးပွားရေးနှင့် ဘဏ္ဍာရေး |
| ၅၆ | ပညာရေးဝန်ကြီးဌာန | မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် | မထက်ထက်အောင် | ပညာရေး |
| ၅၇ | ပညာရေးဝန်ကြီးဌာန | လှိုင်ကော်ပညာရေးဒီဂရီကောလိပ် | မသန္တာဦး | ပညာရေး |
| ၅၈ | ပညာရေးဝန်ကြီးဌာန | ဘားအံပညာရေးဒီဂရီကောလိပ် | စောလင်းထက် | ပညာရေး |
| ၅၉ | ပညာရေးဝန်ကြီးဌာန | ဟားခါးပညာရေးဒီဂရီကောလိပ် | မောင်နန်ခန့်တွောင် | ပညာရေး |
| ၆၀ | ပညာရေးဝန်ကြီးဌာန | စစ်ကိုင်းပညာရေးဒီဂရီကောလိပ် | မသဲဆုမွန် | ပညာရေး |
| ၆၁ | ပညာရေးဝန်ကြီးဌာန | မုံရွာပညာရေးဒီဂရီကောလိပ် | မဆွေဆွေအောင် | ပညာရေး |
| ၆၂ | ပညာရေးဝန်ကြီးဌာန | ကသာပညာရေးဒီဂရီကောလိပ် | မောင်ဆန်းထက်နိုင် | ပညာရေး |
| ၆၃ | ပညာရေးဝန်ကြီးဌာန | ထားဝယ်ပညာရေးဒီဂရီကောလိပ် | မအေးပြည့်ဖြိုးသန့် | ပညာရေး |
| ၆၄ | ပညာရေးဝန်ကြီးဌာန | တောင်ငူပညာရေးဒီဂရီကောလိပ် | မောင်လှိုင်ဝင်းထွန်း | ပညာရေး |
| ၆၅ | ပညာရေးဝန်ကြီးဌာန | ပြည်ပညာရေးဒီဂရီကောလိပ် | မတင်ဇာမော် | ပညာရေး |
| ၆၆ | ပညာရေးဝန်ကြီးဌာန | မကွေးပညာရေးဒီဂရီကောလိပ် | မဇင်သူအောင် | ပညာရေး |
| ၆၇ | ပညာရေးဝန်ကြီးဌာန | ပခုက္ကူပညာရေးဒီဂရီကောလိပ် | မနန်းကလျာ | ပညာရေး |
| ၆၈ | ပညာရေးဝန်ကြီးဌာန | မန္တလေးပညာရေးဒီဂရီကောလိပ် | မမိုးသက်ဆွေဦး | ပညာရေး |
| ၆၉ | ပညာရေးဝန်ကြီးဌာန | မိတ္ထီလာပညာရေးဒီဂရီကောလိပ် | မောင်ဟိန်းမြတ်အောင် | ပညာရေး |
| ၇၀ | ပညာရေးဝန်ကြီးဌာန | မော်လမြိုင်ပညာရေးဒီဂရီကောလိပ် | မဆုမြတ်မြတ်သူ | ပညာရေး |
| ၇၁ | ပညာရေးဝန်ကြီးဌာန | ကျောက်ဖြူပညာရေးဒီဂရီကောလိပ် | မောင်ဝင်းမြင့်နိုင် | ပညာရေး |
| ၇၂ | ပညာရေးဝန်ကြီးဌာန | ရန်ကင်းပညာရေးဒီဂရီကောလိပ် | မနဒီရွှေလွှာ | ပညာရေး |
| ၇၃ | ပညာရေးဝန်ကြီးဌာန | လှည်းကူးပညာရေးဒီဂရီကောလိပ် | မနှင်းနှင်းဝေ | ပညာရေး |
| ၇၄ | ပညာရေးဝန်ကြီးဌာန | သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် | မမေရီယံဇူးဇူး | ပညာရေး |
| ၇၅ | ပညာရေးဝန်ကြီးဌာန | တောင်ကြီးပညာရေးဒီဂရီကောလိပ် | မနန်းပြည့်ဇင်မာဝင်း | ပညာရေး |
| ၇၆ | ပညာရေးဝန်ကြီးဌာန | လားရှိုးပညာရေးဒီဂရီကောလိပ် | မသမုဒယနွယ် | ပညာရေး |
| ၇၇ | ပညာရေးဝန်ကြီးဌာန | ကျိုင်းတုံပညာရေးဒီဂရီကောလိပ် | မငွေနှင်းဖြူ | ပညာရေး |
| ၇၈ | ပညာရေးဝန်ကြီးဌာန | ပုသိမ်ပညာရေးဒီဂရီကောလိပ် | မသူဇာခိုင် | ပညာရေး |
| ၇၉ | ပညာရေးဝန်ကြီးဌာန | မြောင်းမြပညာရေးဒီဂရီကောလိပ် | မောင်အောင်အောင်သန့် | ပညာရေး |
| ၈၀ | ပညာရေးဝန်ကြီးဌာန | ဘိုကလေးပညာရေးဒီဂရီကောလိပ် | မအိအိမွန် | ပညာရေး |
| ၈၁ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် | မောင်စစ်ပိုင်ထွန်း | အီလက်ထရွန်နစ် ဆက်သွယ်ရေး အင်ဂျင်နီယာ |
| ၈၂ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ရန်ကုန်နည်းပညာတက္ကသိုလ် | မောင်ရဲရင့်ထွန်း | မက္ကာထရောနစ် အင်ဂျင်နီယာ |
| ၈၃ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | မန္တလေးနည်းပညာ တက္ကသိုလ် | မဆုစန္ဒီဝင်းထွန်း | မြို့ပြအင်ဂျင်နီယာ |
| ၈၄ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) | မောင်ရဲထွဋ်နိုင် | သတင်းအချက် အလက် သိပ္ပံနှင့် နည်းပညာ |
| ၈၅ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | မောင်ကောင်းခန့်မင်း | စက်နှင့် ပျံသန်းယာဉ် အင်ဂျင်နီယာ |
| ၈၆ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မန္တလေး) | မောင်ကောင်းခန့်ထူး | မက္ကာထရောနစ် အင်ဂျင်နီယာ |
| ၈၇ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(မုံရွာ) | မရတနာစိုး | ကွန်ပျူတာ အင်ဂျင် နီယာနှင့် သတင်း အချက်အလက် နည်းပညာ |
| ၈၈ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ်(စစ်ကိုင်း) | မရှင်းရှင်းသန့် | မြို့ပြအင်ဂျင်နီယာ |

စာမျက်နှာ ၁၇ သို့ »»»

»»» စာမျက်နှာ ၁၆ မှ

| | | | | |
|---|---|---|---|---|
| ၈၉ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ကျောက်ဆည်) | မောင်အောင်မင်းခန့် | မြို့ပြအင်ဂျင်နီယာ |
| ၉၀ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (မိတ္ထီလာ) | မဖြူစင်သန့် | မြို့ပြအင်ဂျင်နီယာ |
| ၉၁ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ရမည်းသင်း) | မောင်ဝင်းကိုကိုအောင် | စက်မှုအင်ဂျင်နီယာ |
| ၉၂ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (မကွေး) | မောင်နေထက်ဒွေး | လျှပ်စစ်စွမ်းအား |
| ၉၃ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (တောင်ကြီး) | မစန်းသော်တာခင် | မြို့ပြအင်ဂျင်နီယာ |
| ၉၄ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (လှိုင်ကော်) | မောင်အာကာကျော် | မြို့ပြအင်ဂျင်နီယာ |
| ၉၅ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (တောင်ငူ) | မပန်းသဒ္ဒါ | မြို့ပြအင်ဂျင်နီယာ |
| ၉၆ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (စစ်တွေ) | မောင်အောင်ပိုင်လင်း | မြို့ပြအင်ဂျင်နီယာ |
| ၉၇ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ပြည်နည်းပညာတက္ကသိုလ် | မောင်မင်းခိုင်စိုး | ကွန်ပျူတာ အင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ |
| ၉၈ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် | မနန္ဒာကျော်တင့် | အီလက်ထရွန်နစ် အင်ဂျင်နီယာ |
| ၉၉ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (မှော်ဘီ) | မမြကေခိုင်ကျော် | မြို့ပြအင်ဂျင်နီယာ |
| ၁၀၀ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (သန်လျင်) | မောင်ကောင်းမြတ်စိုး | မြို့ပြအင်ဂျင်နီယာ |
| ၁၀၁ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ပုသိမ်) | မောင်သူရိန်ကျော်ခန့် | အီလက်ထရွန်နစ် အင်ဂျင်နီယာ |
| ၁၀၂ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ဟသ်ာတ) | မရွှေရည်လင်း | စက်မှုအင်ဂျင်နီယာ |
| ၁၀၃ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (ဘားအံ) | မောင်လင်းထက်ဦး | မြို့ပြအင်ဂျင်နီယာ |
| ၁၀၄ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | နည်းပညာတက္ကသိုလ် (မော်လမြိုင်) | မနွေးနွေးလှိုင် | မြို့ပြအင်ဂျင်နီယာ |
| ၁၀၅ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | အစိုးရနည်းပညာကောလိပ် (မန္တလေး) | မောင်သန့်ဇင်ထွန်း | မြို့ပြအင်ဂျင်နီယာ |
| ၁၀၆ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) | မမိုးပြည့်ပြည့်အောင် | လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ |
| ၁၀၇ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | မောင်ချမ်းလင်းအောင် | ကွန်ပျူတာသိပ္ပံ |
| ၁၀၈ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | သတင်းအချက်အလက် နည်းပညာတက္ကသိုလ် | မအေးမွန်သက် | ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ |
| ၁၀၉ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | မန္တလေးကွန်ပျူတာတက္ကသိုလ် | မမြင့်မြတ်ကြည် | ကွန်ပျူတာသိပ္ပံ |
| ၁၁၀ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (မုံရွာ) | မနှင်းဝေဝေလွင် | ကွန်ပျူတာနည်းပညာ |
| ၁၁၁ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (မန္တလေး) | မောင်အောင်ခန့်ဇော် | ကွန်ပျူတာသိပ္ပံ |
| ၁၁၂ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) | မောင်ထွန်းထွန်း | ကွန်ပျူတာသိပ္ပံ |
| ၁၁၃ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (သထုံ) | မောင်သော်တာဟိန်း | ကွန်ပျူတာသိပ္ပံ |
| ၁၁၄ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (မကွေး) | မသဲနုရွှေစင် | ကွန်ပျူတာသိပ္ပံ |
| ၁၁၅ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ) | မောင်ချမ်းမြေ့အောင် | ကွန်ပျူတာနည်းပညာ |
| ၁၁၆ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) | မောင်ထွန်းထက်အောင် | ကွန်ပျူတာနည်းပညာ |
| ၁၁၇ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (လှိုင်ကော်) | မချောစုသင်းနိုင် | ကွန်ပျူတာသိပ္ပံ |
| ၁၁၈ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) | မောင်ဘုန်းမြတ် | ကွန်ပျူတာနည်းပညာ |
| ၁၁၉ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) | မနှင်းဝေစိုး | ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ |
| ၁၂၀ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (ပြည်) | မောင်နေသုတ | ကွန်ပျူတာသိပ္ပံ |
| ၁၂၁ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (ပုသိမ်) | မောင်သုတအောင် | ကွန်ပျူတာသိပ္ပံ |
| ၁၂၂ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) | မထက်ဝေနှင်း | ကွန်ပျူတာသိပ္ပံ |
| ၁၂၃ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ကွန်ပျူတာတက္ကသိုလ် (ဘားအံ) | နန်းမိုးမြတ်မြတ်ခိုင် | ကွန်ပျူတာသိပ္ပံ |
| ၁၂၄ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | Polytechnic University (မြစ်ကြီးနား) | မောင်ရဲမင်းဟိန်း | မြို့ပြအင်ဂျင်နီယာ |
| ၁၂၅ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | Polytechnic University (မြိတ်) | မောင်ဝင်းအောင်ကျော် | မြို့ပြအင်ဂျင်နီယာ |
| ၁၂၆ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | Polytechnic University (ပင်လုံ) | မမေမွန်နေမျိုး | စက်မှုအင်ဂျင်နီယာ |
| ၁၂၇ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | Polytechnic University (ကျိုင်းတုံ) | မဖြိုးဘရဏီ | အီလက်ထရွန်နစ် အင်ဂျင်နီယာ |
| ၁၂၈ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | Polytechnic University (မအူပင်) | မောင်ညီညီ | လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ |
| ၁၂၉ | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | Naypyitaw State Polytechnic University | မောင်ဇူးစံမင်းကျော် | စက်မှုအင်ဂျင်နီယာ |
| ၁၃၀ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(၁)ရန်ကုန် | မောင်မျိုးပိုင်ဇော် | ဆေးပညာ |
| ၁၃၁ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ မန္တလေး | မောင်သစ်လွင်ထူး | ဆေးပညာ |
| ၁၃၂ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်(၂)ရန်ကုန် | မောင်ဘုန်းမြတ်သာ | ဆေးပညာ |
| ၁၃၃ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ မကွေး | မောင်ထက်လင်းအောင် | ဆေးပညာ |
| ၁၃၄ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးတက္ကသိုလ်၊ တောင်ကြီး | မောင်ဟန်သာအောင်တင် | ဆေးပညာ |
| ၁၃၅ | ကျန်းမာရေးဝန်ကြီးဌာန | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန် | မသျှင်းပြည့်သာ | သွားဆေးပညာ |
| ၁၃၆ | ကျန်းမာရေးဝန်ကြီးဌာန | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေး | မောင်ထွန်းရန်အောင် | သွားဆေးပညာ |
| ၁၃၇ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဝါးတက္ကသိုလ်၊မန္တလေး | မောင်ရာဇာသန်းတိုးအောင် | ဆေးဝါး |
| ၁၃၈ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန် | မရွှန်းလဲ့ယွန်းမေ | ဆေးဘက်ဆိုင်ရာ ခန္ဓာသန့်စွမ်းနည်းပညာ |
| ၁၃၉ | ကျန်းမာရေးဝန်ကြီးဌာန | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ မန္တလေး | မဇင်ဖူးပြည့် | ဆေးဘက်ဆိုင်ရာ ခန္ဓာသန့်စွမ်းနည်းပညာ |
| ၁၄၀ | ကျန်းမာရေးဝန်ကြီးဌာန | သူနာပြုတက္ကသိုလ်၊ ရန်ကုန် | မချစ်စံဝင်း | သူနာပြု |
| ၁၄၁ | ကျန်းမာရေးဝန်ကြီးဌာန | သူနာပြုတက္ကသိုလ်၊ မန္တလေး | မဇင်ဌေးဦး | သူနာပြု |
| ၁၄၂ | ကျန်းမာရေးဝန်ကြီးဌာန | အခြေခံကျန်းမာရေး တက္ကသိုလ်၊ မကွေး | မအေးအေးမြတ် | အခြေခံကျန်းမာရေး |
| ၁၄၃ | ကျန်းမာရေးဝန်ကြီးဌာန | တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) | မသွယ်နှင်းအောင် | တိုင်းရင်းဆေး |

# ပုသိမ်မြို့၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကျင်းပ

**ပုသိမ် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်များအလိုက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်နှစ်ဆက်တိုက် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ ဂုဏ်ပြုလှူဒါန်းငွေကျပ် သိန်း ၂၀၀ ကို အစိုးရအဖွဲ့အတွင်းရေးမှူး ဦးလှိုင်စိုးသန့်က ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် အတွင်းရေးမှူးတို့က လက်ခံရယူပြီး Sea and Lake Garden Resort မှ တိုင်းအမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်သိန်း ၃၀ လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နွယ်နွယ်ဦးက ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့များက



၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင် အလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**တောင်ကြီး မတ် ၇**

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာကုန်ထုတ်လုပ်မှုဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေးဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးမြေများ လျော့ပါးမှုမရှိစေရေးမူဝါဒများ တိတိကျကျချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကို ရှေးရှု၍ တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်စပ်ပတ်သက်သည့် ဌာန၊ အဖွဲ့အစည်းအားလုံးချိတ်ဆက်ပြီး အောင်မြင်မှုရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၆) သို့ တင်ပြလာသည့် တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၁၀၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲတွင် "ရေရှည်တည်တံ့သော ဝါသီးနှံစိုက်ပျိုးရေးစနစ်ဖြင့် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေး

**နေပြည်တော် မတ် ၇**

တောင်သူများ အချင်းချင်း လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ ဖလှယ်နိုင်ရေး၊ စိုက်ပျိုးရေး လုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်ရေးနှင့် နည်းပညာပြန့်ပွားစေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပလျက်ရှိသည့် အပတ်စဉ် (၁၀၅) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အပတ်စဉ် ကျင်းပမြဲဖြစ်သော နည်းပညာ ဆွေးနွေးပွဲများသည် တောင်သူများအတွက် အသိပညာဗဟုသုတများ မျှဝေရာနေရာဖြစ်သည့်အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးပညာရှင်များနှင့် သက်ဆိုင်သည့် သုတေသီများ၊ နည်းပညာပြန့်ပွားရေး ပညာရှင်များနှင့် ချိတ်ဆက်ပေးသည့် အရေးပါသော ပေါင်းကူးတံတားတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာပြန့်ပွားရေး (Extension) လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် ရေရှည်တည်တံ့ရေးနှင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော ဝါဂွမ်းများထွက်ရှိစေရန်အတွက် မိုးကြို၊ မိုးနှောင်း၊ မိုးဝါဒေသများအလိုက် မျိုးစေ့စနစ်ထွန်းကားစေရန် တောင်သူများကိုယ်တိုင် ဝါမျိုးစေ့ထုတ်လုပ်နိုင်စေရန်အတွက် နည်းပညာများကို မျှဝေပေးရန်လိုအပ်ကြောင်း၊ ယခု (၁၀၅) ကြိမ်မြောက် နည်းပညာဆွေးနွေးပွဲမှတစ်ဆင့် နောင်တွင် တောင်သူများ အချင်းချင်း နည်းပညာမျှဝေနိုင်သည့် အဆင့်အထိ ရောက်ရှိရန် မျှော်မှန်း ဆောင်ရွက် စေလိုကြောင်း ပြောကြားသည်။





ထို့နောက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်နှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းတို့က "ရေရှည်တည်တံ့သော ဝါသီးနှံစိုက်ပျိုးရေးစနစ်ဖြင့် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မြစ်သားမြို့နယ်များမှ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ကြသည့် ဝါစိုက်တောင်သူများက မိမိတို့ဒေသအလိုက် ကြုံတွေ့နေရသည့် ပေါင်းမြက်ကျရောက်မှု ပြဿနာများ၊ ပိုးမွှားကျရောက်မှု ပြဿနာများနှင့် ဈေးကွက်အခက်အခဲများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာပညာရှင်များက အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးထားရှိသည့် ဆောင်းပဲမျိုးစုံ စိုက်ဧက ၁၂၅၂၆၅ ဧက ရိတ်သိမ်းမှု ၅၀ ရာခိုင်နှုန်းပြီးစီး

**ကျောက်ဆည် မတ် ၇**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် အတွင်း စိုက်ပျိုးထားသည့် ဆောင်းပဲမျိုးစုံသည် အောင်မြင်ဖြစ်ထွန်းပြီး ယခုအခါ ရိတ်သိမ်းမှုများ ဆောင်ရွက်နေပြီဖြစ်ကာ ၅၀ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်းက ကျောက်ဆည် ခရိုင်အတွင်းရှိ တောင်သူများသည် ဆောင်းပဲမျိုးစုံဖြစ်သည့် ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲကြား၊ ပဲယင်း၊ ပဲပုပ်၊ မတ်ပဲနှင့် အခြားပဲ စုစုပေါင်း စိုက်ဧက ၁၂၅၂၆၅ ဧက စိုက်ပျိုးခဲ့ကြသည်။

"တောင်သူတွေအနေနဲ့ဆောင်းပဲမျိုးစုံစိုက်ပျိုးကြပြီးတော့ ကုလားပဲတစ်ဧကကို ၁၅ ဒသမ ၃၃ တင်း၊ ပဲတီစိမ်းတစ်ဧကကို ၁၆ ဒသမ ၄၀ တင်း၊ ပဲမျိုးစုံ တစ်ဧကကို ၁၅ ဒသမ ၁၈ တင်း၊ ပဲကြီးတစ်ဧကကို ၁၂ ဒသမ ၈၃ တင်း၊ ပဲကြားတစ်ဧကကို ၁၃ ဒသမ ၈၀ တင်းနဲ့ ပဲယင်းတစ်ဧကကို ၁၂ဒသမ ၉၃ တင်းလောက် အထွက်နှုန်းရရှိကြတယ်"ဟု ကျောက်ဆည်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ညိမ်းထွေးက ပြောကြားသည်။



**ကွင်းဆင်းဆောင်ရွက်**

ကျောက်ဆည် မြို့နယ်တွင် ပဲမျိုးစုံ စိုက်ဧက ၅၈၃၇၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၂၄၃ ဧကနှင့် မြစ်သားမြို့နယ်တွင် ၄၄၆၄၇ ဧက စုစုပေါင်းခရိုင်အတွင်း စိုက်ဧက ၁၂၅၂၆၅ ဧက စိုက်ပျိုးခဲ့ပြီး ဒေသအတွင်းမှ ပဲစိုက်တောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းကောင်းမွန်စေရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျိုင်းတုံမြို့နှင့် မိုင်းဖြတ်မြို့တို့၌ ဆောင်ရွက်ထားရှိသော စီမံကိန်းလုပ်ငန်းများ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး မတ် ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မတ် ၆ ရက်က ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ် သမဝါယမဦးစီးဌာနနှင့် မိုင်းဖြတ်မြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစု အမှုဆောင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာရှိ မိုင်းဇင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေနှင့် ယန်းလောကျေးရွာအုပ်စု ဝမ်ဟကျေးရွာရှိ ရွှေနောင်တုံ မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်း၊ သမဝါယမအသင်းမှ ဆောင်ရွက်နေသော အုတ်ကြွပ်လုပ်ငန်းနှင့် မြို့နယ် သမဝါယမအသင်းစုပိုင် ငါးကန်တွင် ငါးမွေးမြူထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိသော သက်တန့်ရောင်စီမံကိန်း ကုန်ထုတ်လုပ်မှု၊ ကုတ်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**စိုးတောင်း**

# နိုင်ငံတော်နှင့် အများပြည်သူအကျိုးပြု နည်းပညာသုံး ဆက်သွယ်ရေးကွန်ရက်အခြေပြု စိစစ်နိုင်သည့် စနစ်တစ်ခု

ပြည့်ဖြိုးအောင်(ပြည်တွင်းအခွန်များဦးစီးဌာန)

**ဖွံ့ဖြိုးတိုးတက်လာသည့် ဆက်သွယ်ရေးကဏ္ဍနှင့် မိုဘိုင်းဟန်းဆက်သုံးစွဲမှု**

နိုင်ငံတော်အစိုးရက မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030)ကို ရေးဆွဲပြုစုကာ နိုင်ငံ၏ဦးစားပေးကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်သို့ ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးပါဝင်သည့် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်စွာပေါ်ထွန်းလာစေပြီး ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်း၍ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်စနစ်နှင့်အညီ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် Living Document အဖြစ် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါလမ်းပြမြေပုံပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ၂၀၃၀ ပြည့်နှစ်အထိ မျှော်မှန်းပြုစုထားပြီး မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍအသီးသီးမှ တတ်သိပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများအားလုံး တက်ကြွစွာ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ဒစ်ဂျစ်တယ်စီးပွားရေးအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို တွန်းအားပေးမှုများနှင့်အတူ အများပြည်သူကို ဝန်ဆောင်မှုပေးအပ်သည့် အစိုးရဌာန/အဖွဲ့အစည်းအသီးသီးတွင် အွန်လိုင်းမှတစ်ဆင့် လိုင်စင်လျှောက်ထားခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုများ ပြုလုပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အီလက်ထရောနစ်နည်းလမ်းများဖြင့် အခွန်ပေးဆောင်ခြင်းစသည့် အများပြည်သူအကျိုးပြု ဝန်ဆောင်မှုများ စတင်မိတ်ဆက်နိုင်ခဲ့သည်ကို တွေ့မြင်ရပြီး အများပြည်သူ အချိန်ကုန်လူပန်းဖြစ်ရသည့် အခြေအနေများကို လျော့နည်းသွားသည့်အပြင် စာရင်းအချက်အလက်များကို တိကျစွာ မှတ်တမ်းတင်ခြင်း၊ စနစ်အချင်းချင်း ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာပါသည်။

ထို့အတူ လှုံ့ဆော်ရေးအစီအစဉ်များဖြင့် အများပြည်သူ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရန် အားပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် နှစ်အနည်းငယ်အတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နည်းပညာအသစ်များကို သုံးစွဲခွင့်ပြုခြင်း၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခြင်းနှင့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများကြောင့် အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်လျက်ရှိနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မိုဘိုင်းဟန်းဆက် အသုံးပြုမှုနှင့် အင်တာနက်အသုံးပြုမှုများ တိုးတက်လာပြီဖြစ်ပါသည်။ အင်တာနက်မြန်နှုန်းနှင့် လက်လှမ်းမီမှုသည် နိုင်ငံ၏ ကျေးလက်ဒေသများတွင် အားနည်းနေဆဲဖြစ်သော်လည်း နိုင်ငံ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးသည် မိုဘိုင်းဟန်းဆက်များ အသုံးပြုလျက်ရှိလာပြီဟု ဆိုနိုင်ပါသည်။

ထိုကဲ့သို့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မိုဘိုင်းဟန်းဆက်နှင့် အင်တာနက်အသုံးပြုမှုတိုးတက်လာပြီး ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုဘိုင်းဟန်းဆက်အသုံးပြုသူဦးရေ ခန့်မှန်းခြေ သန်း ၅၀ ကျော်ထိ (နိုင်ငံ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးခန့်ထိ) ရှိလာကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် အထူးသဖြင့် မိုဘိုင်းနည်းပညာ၊ အင်တာနက်နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများတွင် ကြီးမားသောတိုးတက်မှုများ ရှိခဲ့သော်လည်း ကျေးလက်ဒေသများသို့ ဝန်ဆောင်မှုများ ပျံ့နှံ့ရေး၊ နည်းပညာလုံခြုံရေးနှင့် အရည်အသွေးမြှင့်တင်ရေးတို့အတွက် ဆက်လက်အားထုတ်ရန် လိုအပ်နေသေးသည်ကို လက်ခံရမည်ဖြစ်သကဲ့သို့ **မိုဘိုင်းဟန်းဆက်များကို တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက်ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းနေမှုနှင့်** မိုဘိုင်းဟန်းဆက်များကို အသုံးပြု၍ တရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်း သတိပြုထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိနိုင်ပါသည်။




အိန္ဒိယနိုင်ငံ၏ မိုဘိုင်းဟန်းဆက်များ တရားဝင်မှတ်တမ်းတင်မှု၊ ခိုးယူ/ပျောက်ဆုံးမှုများအတွက် လျှောက်ထားဆောင်ရွက်ရသည့် Web Page။

**မိုဘိုင်းဟန်းဆက်အခြေပြု စိစစ်နိုင်သည့် အမှတ်အသားတစ်ခု**

မိုဘိုင်းဟန်းဆက်အသုံးပြုမှုသည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများတွင် များစွာအကျိုးရှိသကဲ့သို့ မိုဘိုင်းတယ်လီဖုန်းများဖြင့် ဆက်သွယ်ခြင်း၊ အွန်လိုင်းအသုံးပြုဝန်ဆောင်မှုများကို အသုံးပြုခြင်း စသည်ဖြင့် မိုဘိုင်းဟန်းဆက်ကွန်ရက်အသုံးပြုမှုသည်လည်း နေ့စဉ်များပြားလာသည်ကို သတိပြုနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ကိုင်တွယ်အသုံးပြုလျက်ရှိသော မိုဘိုင်းဟန်းဆက်များတွင် မှတ်ပုံတင်အမှတ်ကဲ့သို့ အမှတ်အသားတစ်ခုဖြစ်သည့် **IMEI Code** ၏ အရေးပါမှုကို သိရှိရန်လည်း လိုအပ်လာပြီဖြစ်ပါသည်။

**IMEI (International Mobile Equipment Identity) Code** ဆိုသည်မှာ မိုဘိုင်းဟန်းဆက် သို့မဟုတ် မိုဘိုင်းကိရိယာတစ်ခု၏ ထူးခြားသည့် အမှတ်အသားတစ်ခုဖြစ်ပါသည်။ **IMEI Code** ပါရှိခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိုဘိုင်းဟန်းဆက်တစ်လုံးကို သီးသန့်ခွဲခြားရန်ဖြစ်ပြီး ဥပမာအားဖြင့် မိုဘိုင်းဟန်းဆက်အား ခိုးယူခံရပါက ခြေရာခံနိုင်ရေး၊ ဆက်သွယ်ရေးကွန်ရက်ပေါ်တွင် မိုဘိုင်းဟန်းဆက်ကိရိယာအား တရားဝင်အသိအမှတ်ပြုနိုင်ရေး၊ တရားဝင်အသိအမှတ်ပြုထားသည့် မိုဘိုင်းဟန်းဆက်အား အာမခံချက် သို့မဟုတ် အစားထိုးဝန်ဆောင်မှုများအတွက် အသုံးပြုနိုင်ရေးပင် ဖြစ်ပါသည်။

ဗဟုသုတအနေဖြင့်ဆိုရလျှင် **IMEI Code** ကို နံပါတ် ၁၅ လုံး (အချို့အဟောင်းများတွင် ၁၄ လုံး) ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ဥပမာ – 123456–78–901234–5 တွင် ပထမနံပါတ် ရှစ်လုံးသည် ထုတ်လုပ်သူနှင့်မော်ဒယ်ကိုဖော်ပြပြီး နောက်နံပါတ်ခြောက်လုံးသည် ဟန်းဆက်၏ အမှတ်စဉ်ဖြစ်ကာ နောက်ဆုံးနံပါတ်မှာ မိုဘိုင်းဟန်းဆက်ကို စစ်ဆေးရန်ဖြစ်ပါသည်။ မိမိတို့အသုံးပြုလျက်ရှိသည့် ကိုယ်ပိုင်မိုဘိုင်းဟန်းဆက်များ၏ **IMEI Code** ကို သိရှိလိုပါက မိုဘိုင်းဟန်းဆက်ထဲတွင် ***#06#** ဟု ရိုက်နှိပ်ပြီး ဖုန်းခေါ်ဆိုခြင်းဖြင့် လည်းကောင်း၊ မိုဘိုင်းဟန်းဆက်ဘူးအဖုံးအောက် (သို့မဟုတ်) ဘက်ထရီအောက်တွင် လည်းကောင်း ရှာဖွေသိရှိနိုင်ပါသည်။ အထူးသဖြင့် မိုဘိုင်းဟန်းဆက်ပျောက်ဆုံးပါက **IMEI Code** ဖြင့် **Blacklist** ပြုလုပ်နိုင်ပါသည်။ သို့ဖြစ်ရာ **IMEI Code** သည် ကျွန်ုပ်တို့ မိုဘိုင်းဟန်းဆက်၏ "မိုဘိုင်းဟန်းဆက် မှတ်ပုံတင်အမှတ်" ကဲ့သို့ ထူးခြားသည့်အချက်အလက်ဖြစ်ပြီး လုံခြုံရေးအတွက် အရေးကြီးပါသည်။

**မိုဘိုင်းဟန်းဆက်များအား တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများလွတ်ကင်းနေမှုကို ဆက်သွယ်ရေးကွန်ရက်အခြေပြုစိစစ်နိုင်သည့် စနစ်တစ်ခု**

အထက်တွင် တင်ပြခဲ့သည့်အတိုင်း မိမိတို့နိုင်ငံအတွင်းသို့ မိုဘိုင်းဟန်းဆက်များအား တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းနေမှု၊ လက်ရှိနိုင်ငံအတွင်း တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် မိုဘိုင်းဟန်းဆက်များကို တရားဝင်မှတ်တမ်းတင်ရန် လိုအပ်လျက်ရှိမှု၊ မိုဘိုင်းဖုန်းအသုံးပြု တရားမဝင်လုပ်ဆောင်မှုများကို စိစစ်ဖော်ထုတ်ရန် လိုအပ်မှု စသည်တို့ကို ဆောင်ရွက်နိုင်ရေး ဆက်သွယ်ရေးကွန်ရက်အခြေပြုစိစစ်နိုင်သည့် စနစ်တစ်ခုရှိကြောင်း တင်ပြလိုပါသည်။ နိုင်ငံအတွင်း တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော မိုဘိုင်းဟန်းဆက်များ၏ အမှတ်အသားများဖြစ်သည့် **IMEI Code** များကို တရားဝင်မှတ်တမ်းတင်၍ ထိန်းချုပ်နိုင်သည့် စနစ်တစ်ခုကို ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တို့တွင် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

အဆိုပါစနစ်မှာ ဆက်သွယ်ရေးကွန်ရက်အခြေပြု **CEIR/EIR (Central Equipment Identity Register / Equipment Identity Register)** စနစ်ဖြစ်ပါသည်။ **CEIR/EIR** စနစ်သည် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များတွင် အသုံးပြုသည့်စနစ်တစ်ခုဖြစ်ပြီး မိုဘိုင်းဟန်းဆက်များ၏ **IMEI (International Mobile Equipment Identity)** အမှတ်များကို စီမံခန့်ခွဲရန် ဒီဇိုင်းထုတ်လုပ်ထားပါသည်။ အဆိုပါ **IMEI Code** သည် ခိုးယူခံရသော သို့မဟုတ် ပျောက်ဆုံးသော မိုဘိုင်းဟန်းဆက်များကို တားဆီးရန်၊ အန္တရာယ်ရှိသော မိုဘိုင်းဟန်းဆက်များကို ဖော်ထုတ်ရန်နှင့် မသမာသောလှုပ်ရှားမှုများကို ကာကွယ်ရန် အထောက်အကူပြုပါသည်။

**“တရားမဝင် မိုဘိုင်းဟန်းဆက်ဈေးကွက်ကို တားဆီးနိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများရရှိစေရေး၊ မိုဘိုင်းဟန်းဆက်ခိုးယူ/ ပျောက်ဆုံးမှုများကို ထိန်းချုပ်နိုင်ရေး၊ ဆိုက်ဘာရာဇဝတ်မှုများကို တားဆီးနိုင်ရေး အစရှိသည့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးသည့် ရည်ရွယ်ချက်များစွာဖြင့် အာဆီယံနိုင်ငံအချို့တွင် ဆက်သွယ်ရေးကဏ္ဍအား အဆင့်မြှင့်တင်လျက်ရှိ”**

**CEIR/EIR** စနစ်၏ အဓိက လုပ်ဆောင်ချက်များမှာ **IMEI Code** အတုများကို စိစစ်ဖော်ထုတ်ခြင်းနှင့် **IMEI Code** အတုကို အသုံးပြုထားသော ဟန်းဆက်များကို စစ်ဆေးပြီး ကွန်ရက်မှပိတ်ဆို့ခြင်း **(Blacklist)** တို့ဖြစ်ပါသည်။ မသမာသောအသုံးပြုမှုကိုကာကွယ်ခြင်းဖြင့် ခိုးယူခံရသော မိုဘိုင်းဟန်းဆက်များကို ဆက်သွယ်ရေးကွန်ရက်တွင် အသုံးပြုခြင်းမှ တားဆီးနိုင်ပြီး ရာဇဝတ်မှုလျှော့ချရေးတွင်လည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း **IMEI Code** များကို တရားဝင်မှတ်ပုံတင်စေခြင်းဖြင့် တရားမဝင်မိုဘိုင်းဟန်းဆက်များ ဈေးကွက်သို့ ဝင်ရောက်မှုကို လျှော့ချနိုင်ပါသည်။

**အာဆီယံနိုင်ငံအချို့၏ ဆက်သွယ်ရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု**

တရားမဝင် မိုဘိုင်းဟန်းဆက်ဈေးကွက်ကို တားဆီးနိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများရရှိစေရေး၊ မိုဘိုင်းဟန်းဆက်ခိုးယူ/ပျောက်ဆုံးမှုများကို ထိန်းချုပ်နိုင်ရေး၊ ဆိုက်ဘာရာဇဝတ်မှုများကို တားဆီးနိုင်ရေး အစရှိသည့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးသည့် ရည်ရွယ်ချက်များစွာဖြင့် အာဆီယံနိုင်ငံအချို့တွင် ဆက်သွယ်ရေးကဏ္ဍအား အဆင့်မြှင့်တင်လျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် မိုဘိုင်းဟန်းဆက်ခိုးယူ/ ပျောက်ဆုံးမှုများကို ထိန်းချုပ်နိုင်ရေး ၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။

စာမျက်နှာ ၂၁ သို့ ❖

❖ စာမျက်နှာ ၂၀ မှ

**❛ CEIR/EIR စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက်၊ အများပြည်သူအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါသည်။ တရားမဝင်မိုဘိုင်းဟန်းဆက်များ ဝင်ရောက်မှုကို ထိန်းချုပ်နိုင်ခြင်း၊ မိုဘိုင်းဟန်းဆက်ခိုးယူ/ ပျောက်ဆုံးမှုများ လျော့ကျစေခြင်း၊ ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းနေမှုကို လျော့ကျစေခြင်း၊ ဆိုက်ဘာရာဇဝတ်မှုများ လျော့ကျစေခြင်း၊ IMEI Code အတုအယောင်များကို တိုက်ဖျက်နိုင်ခြင်း၊ မိုဘိုင်းဟန်းဆက်အသုံးပြုသူများ၏ လုံခြုံရေးတိုးတက်စေခြင်းနှင့် ဆက်သွယ်ရေးအော်ပရေတာများအတွက် လုံခြုံသောကွန်ရက်စီမံခန့်ခွဲမှုကို တည်ဆောက်နိုင်ခြင်း အစရှိသည့်အကျိုးကျေးဇူးများရရှိလာမည် ❜**

လက်ရှိအချိန်တွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိရာ မိမိတို့၏မိုဘိုင်းဟန်းဆက် ခိုးယူခံရပါက https://ceir.gov.in တွင် အချက်အလက်များ ဖြည့်သွင်း၍ တိုင်ကြားနိုင်ပြီး အချိန်အနည်းငယ်အတွင်း ထိရောက်လျင်မြန်စွာ ပြန်လည်ရှာဖွေပေးခြင်းဖြင့် ကူညီဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် တရားဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များကိုသာ အသုံးပြုနိုင်တော့သည့်အတွက် တရားမဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များ လျော့နည်းလာခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိခြင်း၊ အခြားစီးပွားရေးအရ အကျိုးအမြတ်များ ရရှိစေခြင်းတို့အပြင် မိုဘိုင်းဟန်းဆက် ခိုးယူ/ ပျောက်ဆုံးမှုများ၊ တရားမဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များ၊ ဆိုက်ဘာရာဇဝတ်မှုများ လျော့ကျလာသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

သို့ဖြစ်ရာ အဆိုပါ **CEIR/EIR** စနစ်ကို အခြားနိုင်ငံများကပါ လေ့လာပြီး အတုယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လာကြပါသည်။ အိန္ဒိယနိုင်ငံ၏ **CEIR/EIR** စနစ်သည် နည်းပညာအသုံးပြု၍ လူမှုစီးပွားပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်သည့် အောင်မြင်သော ဥပမာတစ်ခုဖြစ်ပါသည်။ အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နိုင်ငံအမည် | ဆက်သွယ်ရေးကဏ္ဍဆိုင်ရာဆောင်ရွက်နေမှုအခြေအနေ |
|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ဟန်းဆက်များ ခိုးယူ/ ပျောက်ဆုံးမှုများကို **MYEG** ပလက်ဖောင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံသတင်းပေးပို့ဆောင်ရွက်လျက်ရှိပါသည်၊ |
| ၂။ | စင်ကာပူနိုင်ငံ | **AI** နည်းပညာဖြင့် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်အတွင်း **IMEI Code** အတုများအား ထိရောက်စွာ ဖော်ထုတ်ပြီး ပျောက်ဆုံးသွားသည့် ဟန်းဆက်များအား ၂၄ နာရီအတွင်း ပိတ်ဆို့မှု (Blacklist) ပြုလုပ်ပေးလျက်ရှိပါသည်၊ |
| ၃။ | ထိုင်းနိုင်ငံ | ဟန်းဆက်များအား **NBTC** စနစ်မှ အွန်လိုင်းမှတ်ပုံတင်စနစ် မိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်၊ |
| ၄။ | ဗီယက်နမ်နိုင်ငံ | နိုင်ငံတော်အဆင့် **IMEI Code** မှတ်တမ်းတင် ဒေတာဘေ့စ်တည်ဆောက်မှုဖြင့် မိုဘိုင်းဟန်းဆက်အသုံးပြုသူများအတွက် **QR Code** အခြေပြု မှတ်ပုံတင်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်၊ |
| ၅။ | ဖိလစ်ပိုင်နိုင်ငံ | ကနဦးအဆင့် အော်ပရေတာ ၃ ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်၊ |
| ၆။ | အင်ဒိုနီးရှားနိုင်ငံ | ပြည်ပမှတင်သွင်းလာသည့် မိုဘိုင်းဟန်းဆက်များအား မှတ်ပုံတင်နိုင်ရေး ၂၀၂၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး နှောင့်နှေးမှုများရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ်အတွင်း စနစ်ကို အပြည့်အဝ စတင်မိတ်ဆက်ခဲ့ပါသည်၊ |

**CEIR/EIR စနစ်**
**အကောင်အထည်ဖော်ဆောင်မှုကြောင့်**
**ရရှိလာနိုင်မည့်အကျိုးကျေးဇူးများ**

**CEIR/EIR** စနစ်သည် နိုင်ငံတော်အစိုးရများ၏ အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဖော်ပြပါနည်းလမ်းများဖြင့် အထောက်အကူပြုနိုင်ပါသည်။ **CEIR/EIR** စနစ်သည် စနစ်အတွင်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် မိုဘိုင်းဟန်းဆက်များကို အလိုအလျောက် ပိတ်ဆို့ခြင်းဖြင့် တရားဝင်မိုဘိုင်းဟန်းဆက်ဖုန်းရောင်းချမှုများ တိုးပွားစေမည်ဖြစ်ပြီး တရားဝင်ဟန်းဆက်ဈေးကွက် ချဲ့ထွင်ခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း လာရောက်လည်ပတ်လုပ်ကိုင်သူများ၏ နိုင်ငံခြားဟန်းဆက်များ၏ **IMEI Code** များကို တရားဝင်မှတ်ပုံတင်၍ မှတ်ပုံတင်ခကောက်ခံခြင်း၊ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံတော်သို့ အခွန်မပေးဆောင်သော မိုဘိုင်းဟန်းဆက်များကို ပိတ်ဆို့ခြင်းဖြင့် အခွန်ပေးဆောင်စေခြင်း၊ မိုဘိုင်းဟန်းဆက်များအပေါ် အခွန်ကောက်ခံဆောင်ရွက်မှုအား စနစ်တကျဖြစ်စေခြင်း (ဥပမာအားဖြင့် ထိုင်းနိုင်ငံတွင် **NBTC** စနစ်သည် မိုဘိုင်းဟန်းဆက် ဝယ်ယူသူများ၏ **IMEI Code** နှင့် အခွန်ပေးဆောင်မှုမှတ်တမ်းများကို အလိုအလျောက်ချိတ်ဆက်ထားရှိပါသည်) တို့ကို ဆောင်ရွက်နိုင်ပါသည်။ **CEIR/EIR** စနစ်သည် နိုင်ငံတော်အစိုးရများအတွက် အခွန်ကောက်ခံမှုစနစ်ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် နည်းပညာဆိုင်ရာ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ပါသည်။ အဆိုပါစနစ်ကို အောင်မြင်စွာ အသုံးပြုနေသောနိုင်ငံများတွင် မိုဘိုင်းဟန်းဆက်ဈေးကွက်၏ တရားဝင်မှုနှင့် အခွန်ဘဏ္ဍာငွေများ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံတွင်လည်း **CEIR/EIR** စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက်၊ အများပြည်သူအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါသည်။ **တရားမဝင်မိုဘိုင်းဟန်းဆက်များ ဝင်ရောက်မှုကို ထိန်းချုပ်နိုင်ခြင်း၊ မိုဘိုင်းဟန်းဆက်ခိုးယူ/ ပျောက်ဆုံးမှုများ လျော့ကျစေခြင်း၊ ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းနေမှုကို လျော့ကျစေခြင်း၊ ဆိုက်ဘာရာဇဝတ်မှုများ လျော့ကျစေခြင်း၊ IMEI Code အတုအယောင်များကို တိုက်ဖျက်နိုင်ခြင်း၊ မိုဘိုင်းဟန်းဆက်အသုံးပြုသူများ၏ လုံခြုံရေးတိုးတက်စေခြင်းနှင့် ဆက်သွယ်ရေးအော်ပရေတာများအတွက် လုံခြုံသော ကွန်ရက်စီမံခန့်ခွဲမှုကို တည်ဆောက်နိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများရရှိလာမည်မှာ** မလွဲကေန်ပင်ဖြစ်ပါသည်။

အဆိုပါစနစ်သည် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်လုံခြုံရေးကို မြှင့်တင်ရန်နှင့် ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်ရန် အရေးကြီးသော အခန်းကဏ္ဍတွင်လည်း ပါဝင်နေပါသဖြင့် နိုင်ငံတော်အကျိုးပြု၊ အများပြည်သူအကျိုးပြုဆက်သွယ်ရေးကွန်ရက်အခြေပြု မိုဘိုင်းဟန်းဆက်များကို စိစစ်နိုင်သည့် နိုင်ငံတော်အတွက် အလွန်အရေးပါသည့် စနစ်တစ်ခုဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် နည်းပညာအခြေပြုစနစ်တစ်ခု ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရေး အသိပညာပေးမျှဝေတင်ပြအပ်ပါသည်။ ။

## ဟသ်ာတမြို့နယ်၌ နွေရာသီအားကစားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ဟသ်ာတ မတ် ၇

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတမြို့နယ်တွင် မတ် ၆ ရက် မွန်းလွဲ ၃ နာရီက ဟသ်ာတမြို့ ရုံးကြီးရပ်ကွက် ဦးရွှေခွေးလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ၂၀၂၆ ခုနှစ် နွေရာသီအားကစား သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။




အခမ်းအနားသို့ ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဒုရဲမှူးကြီး ဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားသမားများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကြောင်းမှူး ဦးဆောင်၍ အားကစားသမားများ ကွင်းအတွင်း နေရာယူပြီး ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့သိုင်း သင်တန်းသား သင်တန်းသူများက လည်းကောင်း၊ Fitness Dance သင်တန်းသား သင်တန်းသူများကလည်းကောင်း သရုပ်ပြခြင်းများ ဆောင်ရွက်သည်။ ယနေ့ဖွင့်လှစ်သော နွေရာသီအားကစား သင်တန်း၌ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ မြန်မာ့သိုင်း၊ စားပွဲတင်တင်းနစ်၊ Fitness Dance စသည့် သင်တန်းအမျိုးအစား ခုနစ်မျိုးအား လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်လေးပင်မြို့၌ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

ညောင်လေးပင် မတ် ၇

ပဲခူးတိုင်း ဒေသကြီး ညောင်လေးပင်မြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီက ညောင်လေးပင်မြို့ အမက(မူလွန်)ဘုရားကြီးလမ်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး ဆရာတော် ဦးပညာသီရိက သင်တန်းနှင့် ပတ်သက်၍ သင်ကြားမည့် သင်ရိုးညွှန်းတမ်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းမှူး ဆရာတော် ဦးပညာသီရိက ကွန်ပျူတာနှင့် ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပို့ချပေးသည်။ သင်တန်းဖွင့်ပွဲသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းမှအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား ၅၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှစ၍ တစ်လတိတိ စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# ကျောင်းကုန်းမြို့၌ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကျောင်းကုန်း မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မင်းမနိုင်အုပ်စု အမက-ကျုံတာ(မင်းမနိုင်)ကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(စီမံ+ဘဏ္ဍာ) ဦးနိုင်ဝင်းအောင်၊ ကျုံပျော်ခရိုင်ပညာရေးမှူး ဦးချစ်သိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ အဖွဲ့ဝင် ဗိုလ်မှူးနေဝင်းနောင်၊ အဖွဲ့ဝင် ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ R C တစ်ထပ်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၅၆ ဒသမ ၁၀၇ သန်းဖြင့် K.O.O.M Group Co.,ltd. က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)




ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှဦးဆောင်၍ မတ် ၁၅ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day)" ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "ထုတ်ကုန်ဘေးကင်းလုံခြုံမှ ယုံကြည်စိတ်ချ စားသုံးသူဘဝ"ဆိုင်းဘုတ်ကို မတ် ၆ ရက်က စိုက်ထူစဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက Wilmar Myanmar Riceland Kyaiklat Limited ပေါင်းဆန်စက်ရုံ၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အဆင့်မြင့်ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာဝင်းအတွင်း၌ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုး ဦးဆောင်ကာ ခရိုင်/မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္တွေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၇ ရက်တွင် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

ချမ်းမြေ့မောင်(ချမ်း/စံ)

# ချောင်းဆုံမြို့နယ်၌ ဥပဒေရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

မော်လမြိုင် မတ် ၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းသာယာ အစည်းအဝေးခန်းမ၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေ၊ ရာဇသတ်ကြီး ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံတော်အလံဥပဒေ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေတို့ကို အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသော ဥပဒေများနှင့် ဥပဒေဗဟုသုတများကိုမေးမြန်းရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေအရာရှိတို့ကပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် မွန်ပြည်နယ် ဥပဒေချုပ်က ချောင်းဆုံမြို့နယ် ပြည်သူများ ဖတ်ရှုလေ့လာ အသုံးပြုနိုင်ရန် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေစုစုပေါင်း ၁၃၂ မျိုးပါသည့် ဥပဒေစာအုပ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေစာအုပ် ၈၀ ကို အခမဲ့ပေးအပ်လှူဒါန်းရာ ချောင်းဆုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ကျေးသီးမြို့နယ်၌ ရေထွက်တောထိန်းသိမ်းခြင်း ဆောင်ရွက်

ကျေးသီး မတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် ရှမ်းပြည်နယ်သဘာဝတောရေထွက်၊ ရေထိန်းတောကာကွယ်ရေးဥပဒေအရ ဒေသခံများ အသုံးပြုလျက်ရှိသည့် ၂ မိုင်ကျောင်း(ဝမ်ကျောင်း)ရေထွက်တွင် မြို့နယ်ရေထွက်ကော်မတီဥက္ကဋ္ဌ ကျေးသီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ဖြူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးအေးနိုင်နှင့် တာဝန်ရှိသူများက နားလွယ်အုပ်စုနှင့် ဒေသခံ ရပ်မိရပ်ဖများအား သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ၊ အမာခံနယ်မြေ၊ ကြားခံနယ်မြေဧရိယာသတ်မှတ်ခြင်း၊ တည်နေရာပြမြေပုံ၊ google map မြေပုံ၊ ဥပဒေပါတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# သရက်မြို့၌ လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

သရက် မတ် ၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) ကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ပါရှိသော လက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ သရက်(ပြန်/ဆက်)





# အုတ်ဖိုမြို့၌ ရှေးဦးပြုစုခြင်း(သာမန်) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

အုတ်ဖို မတ် ၇

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းသန်းက နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်တပ်ဖွဲ့မှူး ဦးလှဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဦးစိုးဝင်းသန်းက သင်တန်းသား သင်တန်းသူများအတွက် တူညီဝတ်စုံများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မီးဘေးသင့်အိမ်ထောင်စု နှစ်စုအတွက် ထောက်ပံ့ပေးအပ်ထားသော ပစ္စည်းများအား မီးဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက်ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို လေးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အောင်သူ(အုတ်ဖို)



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ အမှတ်(၁)ဈေး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးအသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မတ် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ဈေးကြီးရှေ့၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဇီးကုန်းမြို့နယ်၌ ပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

ဇီးကုန်း မတ် ၇

ကျောင်းသား လူငယ်များ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပန်းချီရေးဆွဲခြင်း၏ အခြေခံသဘောတရားများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၅ ရက် က ဖွင့်လှစ်သင်ကြားပေးသည်။




ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာဦးက ပန်းချီသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီဆရာကြီး ဦးအေးမော်က ပန်းချီရေးဆွဲနည်းနှင့်ပတ်သက်သည့် အခြေခံနည်းစနစ်များ၊ မျဉ်းကွေး၊ မျဉ်းကောက်၊ မျဉ်းဖြောင့်တို့၏ သဘောတရားများ၊ လူပုံ၊ ရှုမျှော်ခင်းပုံရေးဆွဲနည်း အနီးအဝေးသဘောတရားများကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့သည်။

အဆိုပါ ပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၅ ရက်မှ ၇ ရက်အထိ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ရေဆေး၊ ဖယောင်းရောင်စုံခဲတံတို့ဖြင့် လက်တွေ့သင်ကြားပေးကာ မြို့နယ်အတွင်းမှ ကျောင်းသားလူငယ် ၄၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အုတ်တွင်းမြို့နယ်၌ မီးရထားလမ်းနှင့် မီးရထားလုံခြုံရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်

အုတ်တွင်း မတ် ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကွဲပွဲမြို့ရှိ မီးရထားဘူတာအတွင်း၌ ရထားလမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ ဒေသခံပြည်သူများအား မီးရထားလမ်းနှင့်မီးရထားလုံခြုံရေးနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များ၊ နည်းဥပဒေများ အသိပညာပေးခြင်းကို ယမန်နေ့ နံနက်ဇနာရီခွဲတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးကွင်းဆင်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်( ၁) ဗိုလ်မှူး မြင့်ဇော်က မီးရထားနှင့် ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်အချက်များ၊ လိုက်နာရမည့်အချက်များရှင်းလင်းခဲ့ပြီး မြို့နယ်ရဲတပ်မှူး ရဲမှူးအောင်လင်းခိုင်ကမီးရထားလမ်းလုံခြုံရေး ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်ဥပဒေရုံးမှ ဦးစီးအရာရှိ ဦးဇော်မိုးဌေးက နည်းဥပဒေများနှင့်ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ ကွဲပွဲမြို့အုပ်ချုပ်ရေးမှူး ဦးအေးဟံက မီးရထားများ မြန်နှုန်းမြင့်ပြေးဆွဲနေသည့် အခြေအနေများ၊မီးရထားလမ်းဘေးဝဲ/ယာ တစ်လျှောက်နေထိုင်သည့်ပြည်သူများနှင့်အိမ်မွေးတိရစ္ဆာန်များ အန္တရာယ်ကင်းရှင်းစေရေး သတ်မှတ်ထားသည့်လမ်းကူးများမှ စနစ်တကျသွားလာစေရေးတို့ကိုရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများအား တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။

မြောက်ဥက္ကလာပမြို့နယ်အတွင်း ရပ်ကွက်(၁၉)ခု ၊ ယာယီနေရပ်စွန့်ခွာပြည်သူအိမ်ထောင်စု ၄၄၂ စုရှိ လူဦးရေ ၁၄၃၆ ဦးရှိရာ တစ်ဦးလျှင် တစ်လငွေကျပ် နှစ်သောင်းနှုန်းဖြင့် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့အတွက် သုံးလစာငွေကျပ် ခြောက်သောင်းကျပ် စုစုပေါင်း ငွေကျပ် ၈၆၁၆၀၀၀၀ ကို ရပ်ကွက်အလိုက်



ရက်များခွဲ၍ လက်ဝယ်အရောက် ထောက်ပံ့ပေးမည်ဖြစ်ရာ ခရီးလွန်နေသူများကိုလည်း သတ်မှတ်ရက်များတွင် ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

# တောင်ဥက္ကလာပမြို့နယ်တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူလူငယ်များဖွံ့ဖြိုးတိုး တက်စေရန်၊ အသိပညာ ဗဟုသုတ ပွားများစေရန် ရည်ရွယ်၍ အင်္ဂလိပ်စာအခြေခံသင်တန်း အခမ်းဖွင့်လှစ်ခဲ့ရာ



သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေနှင်း၊ တောင်ဥက္ကလာပမြို့နယ် Book Club အဖွဲ့ဝင် အငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးစိန်ကျော်သင်းတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး နည်းပြအင်္ဂလိပ်စာဆရာဦးမြင့်မောင်က အင်္ဂလိပ်စာအခြေခံသင်တန်းမှ ရရှိသော Basic Grammer နှင့်ပတ်သက်သည့် အသုံးပြုနည်း၊ တွေးနည်း၊ ရေးနည်းများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေကြရန် သင်တန်းသားများအား အမှာစကားပြောကြားသည်။

အင်္ဂလိပ်စာအခြေခံသင်တန်းကို တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၆ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း (ပြန်/ဆက်)



# ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရေကြည် မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် လျှပ်စစ်ရုံးတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို အသုတ်မြို့ ပင်မဓာတ်အားခွဲရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်က စနစ်တကျမီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်း၊မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံများကိုလက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ မောင်မောင်ခင်
## ကာကွယ်ရေးဦးစီးချုပ်(ရေ)ငြိမ်းနှင့် ဒုတိယဝန်ကြီးချုပ်(ငြိမ်း)
## အသက်(၉၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ(ဦးခင်မောင်လွင်-ဒေါ်မမကြီး)တို့၏သား၊ (ဦးမောင်ဦးကျော်- ဒေါ်စံသာ)တို့၏ သားသမက်၊ (ဒေါက်တာ ဒေါ်နန်းဦး)၏ ခင်ပွန်း၊ ဒေါက်တာထွန်းဇံမောင်-ဒေါက်တာခင်ခင်ဦး၊ (ဗိုလ်မှူးကြီးကျော်တင်လှ)-ဒေါ်ခင်အေးသာတို့၏ ဖခင်၊ ရဲခင်ဇံမောင်၊ ခင်နန်းဇံမောင်၊ ဝင်းခင်ဇံမောင်၊ ကျော်စံဝေ၊ သဒိုးဝေတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၃-၂၀၂၆ ရက်(ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၂၆ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ရွှေဟင်္သာစံကျောင်းတိုက်၊ အမှတ်(၁၉)(က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်သို့ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၉)၊ ဦးပိုင်အမှတ်(၄၃)၊ ၁၃၅x၁၃၆ကြား၊ ၆၃(ဘီ)x၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအိကြို(ခ) အိုက်ပွဲ[၉/မမန(နိုင်)၀၇၄၉၈၀]က အမှုတွဲအမှတ်(၅၅၆၉/ ၂၀၂၅-၂၀၂၆)ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလင်းသိန်းမောင်
### ဒုတိယဗိုလ်မှူးကြီး(ရေ)(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း(ငြိမ်း)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၉၊ ကန်ရိပ်သာလမ်းနေ (ဦးသိန်းမောင်-ဒေါ်မေဆက်) တို့၏သား၊ (ဒေါ်တင်တင်သော်) ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်ဦးလင်း)-ဒေါ်တင်စန္ဒာ၊ ဒေါ်ခိုင်ခိုင်လင်း - Capt မြင့်ဇော်မင်း တို့၏ဖခင်၊ မမြတ်စန္ဒီလင်း-ဒေါက်တာရန်လင်းမောင်၊ မရတနာလင်း-ကိုကျော်ဇင်ထက်၊ ဒေါက်တာခိုင်သဇ္ဇာမောင်-ကိုဇေယျာဝင်း၊ ကိုလွင်မောင်မောင်၊ မရွှေယင်းမာ-ဦးဇော်ဝင်းရှိန် တို့၏ချစ်လှစွာသောဘိုးဘိုး၊ မြစ် (၅) ယောက်၏ ဘိုးဘိုးကြီး သည် ၇-၃-၂၀၂၆ ရက်(စနေနေ့) ညနေ ၆:၅၄ နာရီတွင် ဝိတိုရိယအထွေထွေရောဂါကုဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၃-၂၀၂၆ ရက်(တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၂၆ ရက်(သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော် နာကြားမည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါနေအိမ်သို့ နံနက် ၇ နာရီမှ ၁၁:၀၀ နာရီ အထိ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇/စီ )၊ မြေကွက်အမှတ်(၃၁)၊ ဧရိယာ(၉၉၇၅)စတုရန်းပေ၊ (၀.၂၂၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇/စီ)၊ မြေကွက်အမှတ်(၃၂)၊ ဧရိယာ(၁၀၄၅၀)စတုရန်းပေ၊ (၀.၂၃၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်ဝင်း[၁၂/လသန(နိုင်)၀၀၅၃၃၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက် ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကိုပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09-5017044, 09-250674940**

## NISSAN VANETTE SK82TN, PICK UP (4X2)(R) အမျိုးအစား၊ YGN (6F/3556) မော်တော်ယာဉ်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါမော်တော်ယာဉ်သည် ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာနတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းနုအောင် (၁၂/တမန (နိုင်) ၁၁၂၄၇၂) ကိုင်ဆောင်သူအမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမော်တော်ယာဉ်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းနုအောင်၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းတို့မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်နှင်းနုအောင်၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ဟန် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၇၆)**
**အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (B-3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
Ph : 09 - 5059840, 09 - 420300980

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(4E)၊ မြေကွက်အမှတ်(V 68)၊ မြေအကျယ်(၃၀'x၆၀')၊ ဧရိယာ(၀.၄၁)ဧက၊ အမှတ်(၇၂)၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်ရှိ နှစ်(၆၀)ဂရန်မြေ ပိုင်ဆိုင်အကျိုးသက်ဆိုင်ခွင့်နှင့် မြေပေါ်ရှိ အဆောက်အဦတွင် အပျောက်စနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော အခန်းပိုင်ရှင်(၄)ဦးလက်ရှိနေထိုင်လျက် အကျိုးသက်ဆိုင်ခွင့်အားလုံးကို မြေရှင်အဖြစ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော မြေအမည်ပေါက် ဦးမောင်မောင်တင်[၁၂/တမန(နိုင်)၀၇၇၁၁၅]၊ ဒေါ်နီလာတင်[၁၂/တမန(နိုင်)၀၀၂၅၇၀]တို့ထံမှ ကျွန်တော် ဦးပါကျွန်း[၁၂/ပဘတ(နိုင်)၀၀၇၃၈၉)က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပါကျွန်း(ဘ)ဦးဆာဝရီမူတူး**
**[၁၂/ပဘတ(နိုင်)၀၀၇၃၈၉]**
**အမှတ်(၁၀/၁၂)၊ လမ်းသွယ်(၁)လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5422589**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင် တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ်(၄၃၆၈/၂၃-၁-၂၀၂၀)အရ ကွင်းအမှတ်(၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA-1)၊ အကွက်အမှတ်(တ-၀၅)၊ မြေကွက်အမှတ်(၀၃၀၅)၊ အကျယ်အဝန်း (၈၀ ပေ x ၈၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိမိသာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထိုက်[၁၂/တတန(နိုင်)၁၁၈၁၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၃၅)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၁၉၈၂၄**

## "အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ကုန္ဒာ(၇)လမ်း၊ မြေကွက်အမှတ်-၈၁၀/ခ၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးသောင်းဇော်မင်း[၁၂/တမန(နိုင်)၀၇၅၂၂၃]အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ယခုရောင်းချသူ ဒေါ်နုနုရီ[၁၂/ဥကမ(နိုင်)၁၃၁၉၆၂]မှ အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းထက်[၉/အမဇ(နိုင်)၀၂၂၃၃၆]က အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၆၇၈၊ ကုန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## "အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မဏ္ဍလေးလမ်း၊ မြေကွက်အမှတ်-၁၉၉ ၃/၂ ၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်တင်လှိုင်[၁၂/ဥကမ(နိုင်)၀၂၃၂၀၆](CG-၀၆၉၆၁၁) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ယခုရောင်းချသူ ဒေါ်မူမူအေး[၁၂/ဥကမ(နိုင်)၀၂၃၂၁၈]မှ အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်အေး[၁၂/ရပသ(နိုင်)၀၄၁၆၄၇]က အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LL.B,DIPL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၆၇၈၊ ကုန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

## သွေး သည် အ သက်

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဥယျာဉ်တန်း-ခ)၊ ဦးပိုင်အမှတ်(၃၀-ဃ)၊ ၆၅လမ်းနှင့်၃၇လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းကြည်အေး၏ (SP ရရှိသူ ဦးစိုးသိန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၇၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းဦး [၁/မညန(နိုင်)၀၂၁၇၀၁]က အမှုတွဲအမှတ်(၅၅၅၆/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးလှမြင့်ဦး
## အသက်(၇၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ရွှေဇမ္ဗူ River View Condo အခန်း(ဘီ-၇၀၄)နေ (ဦးပန်းလှိုင်-ဒေါ်သောင်းကြည်) တို့၏သားကြီး၊ ဦးခင်မောင်ဦး-ဒေါ်အေးစုလှိုင်၊ ဦးမျိုးသိန်း-ဒေါ်တင်တင်အေး တို့၏အစ်ကိုကြီး၊ တူ၊ တူမ လေးယောက်တို့၏ ဘကြီး၊ မြေး တစ်ယောက်၏ အဘိုးသည် ၇-၃-၂၀၂၆(စနေနေ့) နံနက် ၆:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၆(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိပါစေခြင်းအကျိုးငှာ ၁၃-၃-၂၀၂၆ (သောကြာနေ့) နံနက်ပိုင်းတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ညှိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်သတ္တိနိုင်(ခ)ဘုံဘုံ
## အသက်(၃၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ အမှတ်-၁၇(က)နေ ဦးစံမြင့်-(ဒေါ်ဆွေမြင့်)၊ (ဦးသာထွန်း)-ဒေါ်သီသီတို့၏ မြေး၊ ဦးစိုးအွတ်-ဒေါ်ဝေဝေမြင့်တို့၏တူ၊ ဦးနိုင်မြင့်-ဒေါ်ဥမ္မာသာထွန်းတို့၏ သားကြီး၊ မောင်စည်သူနိုင်၊ မောင်ရဲရင့်နိုင်တို့၏ အစ်ကိုကြီး မောင်သတ္တိနိုင်(ခ)ဘုံဘုံ သည် ၆-၃-၂၀၂၆(သောကြာနေ့) နံနက် ၃:၃၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ထိုင်းနိုင်ငံ Wat Lat Pladuk Temple/ Nonthaburiထိုင်း ဘုန်းကြီးကျောင်း၌ ၈-၃-၂၀၂၆ရက် မွန်းလွဲ ၂ နာရီတွင် ထိုင်းနိုင်ငံဓလေ့ထုံးစံအတိုင်း ကောင်းမွန်စွာ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ ငထွေးရှူးလမ်း၊ မြေကွက်အမှတ်-၇၁၅/ခ၊ ဧရိယာ(၀.၀၂၇၅)ဧက၊ အကျယ်(၂၀x၆၀)ပေ၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ၂ ထပ်ခွဲ RC တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ပိုင်းမြသန်း[၁၁/ကတန(နိုင်)၀၅၅၈၈၄]အမည်ပေါက်လျက်ရှိပြီး မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိ၍ ၎င်းမြေနှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သားအရင်းဖြစ်သူ ဦးဆန်းဦး[၁၂/ဒဂရ(နိုင်)၀၀၄၈၉၆]အား အဖိုးစားနားတစ်ပြားတစ်ချပ်မျှ ရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်မည့်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ်-၂၈၉၂/၂၀၂၀၊ ပြန်လည်နေရာချထားသည့်အုပ်စု RA-2၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၂၈၄၃)၊ ဧရိယာ(၄၀x၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယာယီမြေပေးမိန့်အရ တရားဝင်အမည်ပေါက်ချထားပေးခြင်းခံရပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန်းဝင်း[၁၂/တတန(နိုင်)၁၄၅၈၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ကိုကိုဦး (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၄)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၈၃၅၃၆၊ ၀၉-၇၉၁၅၁၈၅၁၆**

❖ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်၍တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ယူ-၁၇ မြန်မာအသင်းကို တွေ့ရစဉ်။

## ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်ပြီး မြန်မာအသင်း အုပ်စု(B)တွင် ကျရောက်

၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မတ် ၆ ရက်ကပြုလုပ်ရာ မြန်မာအသင်း အုပ်စု(B)တွင် ကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲကို ဧပြီ ၁၁ ရက်မှ ၂၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ တီမော၊ အုပ်စု(B)တွင် ထိုင်း၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ အုပ်စု(C)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် မေလတွင်ကျင်းပမည့် ၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်အုပ်စုတည်းကျရောက်နေသည့် ထိုင်းအသင်းနှင့် ယခုပြိုင်ပွဲတွင်လည်း တစ်အုပ်စုတည်းကျရောက်နေသည်။

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ○

## အာဆင်နယ်အသင်းက မန်စဖီးလ်တောင်းအသင်းကိုအနိုင်ရပြီး အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တက်လှမ်း

မန်စဖီးလ်တောင်းအသင်းနဲ့ အာဆင်နယ်အသင်းတို့မတ် ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်မှာ မန်စဖီးလ်တောင်းအသင်းကို အနိုင်ရပြီး အက်ဖ်အေဖလား ကွာတားဖိုင်နယ် အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

မန်စဖီးလ်တောင်းအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက ပထမပိုင်း ပွဲကစားချိန် ၄၁ မိနစ်မှာ မာဒူကီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❖



အာဆင်နယ်အသင်းနှင့် မန်စဖီးလ်တောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် ရခိုင်ယူနိုက်တက်ကို Dagon Port အနိုင်ယူ

ရန်ကုန် မတ် ၇

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀) စတုတ္ထနေ့ကို မတ် ၆ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ Dagon Port အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းဆင်းဇုန်မှလွတ်မြောက်ရေးကြိုးပမ်းနေသည့် နှစ်သင်းထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် Dagon Port အသင်း အနိုင်ယူကာ အခြေအနေကောင်းသွားသည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ရှုံးပွဲနှင့်အတူ တန်းဆင်းဇုန်အတွင်း အဆင့်(၁၁)နေရာသို့ ရောက်ရှိသွားသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ∴

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် ချန်ပီယံ Galaxy အသင်းနှင့် 7 Brother အသင်း တန်းတက်ခွင့်ရရှိ



Maryar Noka အသင်းနှင့် ULAD အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် မတ် ၇

၂၀၂၅-၂၀၂၆ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၂၁)ကို မတ် ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာလက်ကျန်တစ်ပွဲအလိုတွင် တန်းတက်နှစ်သင်းစလုံး ထွက်ပေါ်ခဲ့ပြီး ချန်ပီယံ Galaxy အသင်းနှင့် 7 Brother အသင်းတို့တန်းတက်ခွင့်ရရှိခဲ့သည်။

လိဂ်-၂ ပြိုင်ပွဲတွင် ချန်ပီယံအသင်းမှာ ပွဲစဉ်(၂၀)ကတည်းက အဖြေထွက်ပေါ်ခဲ့ပြီး Galaxy အသင်းက ချန်ပီယံဖြစ်ခဲ့သလို တန်းတက်ခွင့်တစ်နေရာအတွက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ယစ်မျိုးဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၆

မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြေဩဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၁၂

နိုင်ငံ့အရေးဆောင်ရွက်မည့် နိုင်ငံရေးသမားများဖြစ်ရန်လိုသည် စာမျက်နှာ » ၁၄